ကြေးမုံ

The Mirror

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်၊ ကြာသပတေးနေ့၊ (13-1-2011) (ဖြေ၄၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တပ်မတော်အစိုးရလက်ထက် လယ်ယာကဏ္ဍဖွံ့ဖြိုးရေး တစိုက်မတ်မတ်ကြိုးပမ်းခဲ့ ယခုအခါ စားရေရိက္ခာဖူလုံသည့်အဆင့်မှ ပိုလျှံသည့်အဆင့်သို့ ရောက်ရှိပြီ လယ်ယာကဏ္ဍကို အရှိန်အဟုန်မပျက် တိုးတက်အောင် ဆက်လက်ဆောင်ရွက်ရင်း

စက်မှုနိုင်ငံအဖြစ်သို့ ကူးပြောင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်

တစ်နေ့လျှင် အမိုးနီးယား ၃၂၅ တန်နှင့် ယူရီးယား တန်ချိန် ၅၀၀ ထုတ်လုပ်နိုင်မည့် အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ (ပုသိမ်)ကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် တည်ဆောက်ဖွင့်လှစ်။

နေပြည်တော် ဇန်နဝါရီ ၁၂

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ (ပုသိမ်) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်ရှိ အဆိုပါစက်ရုံ အဝင်မုခ်ဦး၌ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်ပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း၊ ဧရာဝတီတိုင်း ဒေသကြီး အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်

စာမျက်နှာ ၈ ကော်လံ ၁ သို့

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ (ပုသိမ်)၌ ကြည့်ရှုစစ်ဆေးစဉ်။ (အပေါ်ပုံ)**နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်း အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ(ပုသိမ်)ကို တွေ့ရစဉ်။**(ယာပုံ)

(သတင်းစဉ်)

ကြေးမုံ The Mirror

၁၃-၁-၂၀၁၁
(ကြာသပတေးနေ့)

စာတတ်မြောက်သူတိုင်း စာဖတ်ရှိန်မြှင့်တင်

စာပေသည် အသိပညာကို ပေးစွမ်းနိုင်သည်။ စာပေသင်ယူခြင်း၊ စာပေဗဟုသုတ လေ့လာဆည်းပူးခြင်း၊ စာပေဖတ်ရှုခြင်းတို့ကို အစဉ်တစိုက် ကျင့်သုံးနေသင့်သည်။ စာတတ်မြောက်ခြင်းသည် ဘဝလူနေမှု အဆင့်အတန်းကိုသာမက မိသားစု၊ ရပ်ရွာနှင့် လူ့အဖွဲ့အစည်းကိုပါ ပြောင်းလဲစေနိုင်သည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို သက်ဆိုင်ရာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းဖြင့် တိုင်းတာလေ့ရှိသည်။ ၂၁ ရာစုကို ပညာခေတ်ဟု ခေါ်တွင်နေကြပြီ။ စာတတ်မြောက်ရေးသည် စာဖတ်တတ်ရန်သာမက ကမ္ဘာ့ရေးရာဗဟုသုတအဖြာဖြာကို လေ့လာသိရှိ တွေးခေါ်မြော်မြင်နိုင်သည်အထိ အကျိုးဖြစ်ထွန်းနေမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အချိန်အခါ အသက်အရွယ်နှင့် ပညာအဆင့်အတန်းမရွေး စာပေလေ့လာသင်ယူနိုင်ရေး နည်းလမ်းအသွယ်သွယ်ဖြင့် ဖန်တီးပေးနေသည်။ ကျောင်းပညာရေး၊ ကျောင်းပြင်ပ ပညာရေးနှင့် ကိုယ်တိုင်သင်ယူပညာရေးနည်းလမ်းများ ဖော်ဆောင်ပေးလျက်ရှိရာ လူငယ်လူရွယ်များ ခေတ်မီဆက်သွယ်ရေး နည်းပညာသစ်များဖြင့် နိုင်ငံတကာအဆင့်မီ ပညာရပ်များ သင်ယူနိုင်နေကြပြီ။ အခြေခံစာတတ်မြောက်ရေး ကြိုးပမ်းအားထုတ်မှုများနှင့်အတူ သက်ကြီးစာတတ်မြောက်သူ ၉၄ ရာခိုင်နှုန်းကျော်ထိ ရောက်ရှိလာပြီဖြစ်သည်။

စာတတ်မြောက်ခြင်းသည် လူသားများအတွက် စွမ်းအားတစ်ရပ်ဖြစ်ရာ စာတတ်သူတိုင်း စဉ်ဆက်မပြတ် စာပေဖတ်ရှုနေကြရန် လိုအပ်သည်။ စာတတ်မြောက်လာသူတိုင်း တတ်ပြီးသည့်စာ မမေ့စေရေး အရေးကြီးသည်။ စာပေဆက်လက်ဖတ်ရှုနိုင်စေရေး အားပေးကူညီကြရပေမည်။ စာဖတ်ရှိန်မြှင့်တင်ရေး ကြိုးပမ်းကြရဦးမည်။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် သက်ဆိုင်ရာဌာနတို့ ပူးပေါင်းပြီး ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲများကို မြို့နယ်၊ ကျေးလက်ဒေသအချို့တွင် ကျင်းပလျက်ရှိသည်။ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၊ စေတနာရှင်ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ကြိုးပမ်းမှုဖြင့် လက်လှမ်းတမီ စာဖတ်နိုင်မည့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တိုးပွားနေပြီ။

နိုင်ငံ၏ စာတတ်မြောက်မှုနှုန်း မြင့်မားလာမှုသည် တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ရာဖြစ်သည်။ ပြည်သူများ၏ လူမှုစီးပွားဘဝ အဆင့်မြင့်မားမှုကို ထင်ဟပ်ဖော်ပြနေသည်။ စာတတ်မြောက်သူတိုင်းက စာပေဖတ်ရှုသည့် အလေ့အထ တိုးတက်များပြားလာရေး အစဉ်တစိုက် စူးစိုက်လေ့လာဖတ်ရှုကြရေး အားထုတ်ကြိုးပမ်းကြခြင်းဖြင့် စာပေမှပေးသော အသိပညာဗဟုသုတ အတွေးအခေါ်များ ပိုမိုတိုးတက်ရရှိလာမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။ ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Takashi SAITO သည် ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို အကျယ်တဝင့် ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Takashi SAITO လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

ရန်ကုန်ပြည်သူ့ဆေးရုံကြီး ရောဂါဗေဒဌာနသို့ ဓာတ်ခွဲခန်းသုံးပစ္စည်း ပေးအပ်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၂

Concordia International Co., Ltd. နှင့် Mindray (Shenzhen-China) တို့ ပူးပေါင်း၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ရောဂါဗေဒဌာနသို့ ဓာတ်ခွဲခန်းသုံးပစ္စည်း ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးခန်း၌ ကျင်းပသည်။

ရှေးဦးစွာ Concordia International Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဒေါက်တာသန်းဝင်း၊ Mindray (Shenzhen-China) မှ Mr. John Gao နှင့် Mr. Iven Liu တို့က အမေရိကန်ဒေါ်လာ ၁၀၅၀၀ တန်ဖိုးရှိ ဓာတ်ခွဲခန်းသုံးပစ္စည်း (Fully Auto - Biochemistry Analyzer, Model:BS-120) ကို ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ Concordia International Co., Ltd. ကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့၌ ရုံးခွဲများဖွင့်လှစ်ထားရှိပြီး ကုမ္ပဏီက တင်သွင်းဖြန့်ချိသော ကျန်းမာရေးဆိုင်ရာ စက်ပစ္စည်းများနှင့် စပ်လျဉ်း၍ Service Centre များ၌ ပြင်ဆင်မှုများ၊ ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

Concordia International Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဒေါက်တာသန်းဝင်း၊ Mindray (Shenzhen-China) မှ Mr. John Gao နှင့် Mr. Iven Liu တို့ အမေရိကန်ဒေါ်လာ ၁၀၅၀၀ တန်ဖိုးရှိ ဓာတ်ခွဲခန်းသုံးပစ္စည်း (Fully Auto-Biochemistry Analyzer, Model:BS-120) ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး ရောဂါဗေဒဌာနသို့ ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာ လက်ခံစဉ်။
(သတင်းစဉ်)

မောင်တောမြို့ တပ်ဦးချောင်းကျေးရွာ သုတတံခွန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

မောင်တော ဇန်နဝါရီ ၁၂

မောင်တောမြို့ တပ်ဦးချောင်းကျေးရွာ သုတတံခွန်စာကြည့်တိုက် ကိုယ်ပိုင်အဆောက်အအုံသစ် ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ဘကုံးနားကျေးရွာဥက္ကဋ္ဌ ဦးဦးထွန်းနှင့် ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်နန်းမြမြဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းနိုင်လင်းက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာကြည့်တိုက် အရည်အချင်းပြည့်ဝရေး အကျယ်တဝင့် ရှင်းလင်းမှာကြားကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ဖျာပုံမြို့နယ် ကနီ(စံပြ)ကျေးရွာ ကနီအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၏ ပညာရည်ချွန်ဆုပေးပွဲကို ဓေယျာစံစံခန်းမ၌ ဒီဇင်ဘာ ၂၄ ရက်က ကျင်းပရာ ဆုရကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။
(၁၆၈)

မင်းဘူးအသင်း(ရန်ကုန်) (၆၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

မင်းဘူးမြို့နယ်အသင်း၏ (၆၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၉-၂၀၁၀ ခုနှစ် ပညာရည်ချွန်ဆုပေးပွဲများကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း ကုန်သွယ်/လယ်ယာဓမ္မာရုံ၌ ဇန်နဝါရီ ၂၃ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲမှ ၁၁ နာရီအထိ ကျင်းပမည်ဖြစ်ရာ မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်သူ၊ မြို့နယ်သားများ၊ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများ စုံညီစွာတက်ရောက်ကြပါရန်နှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ သား၊ သမီးများစာရင်းကို ဇန်နဝါရီ ၂၀ ရက် နောက်ဆုံးထား၍ ဦးဝင်းမောင် ဖုန်း-၀၉-၄၉၂၉၇၅၈၅၊ ဦးစံလှ ဖုန်း-၀၁-၅၆၄၃၅၈၊ ဒေါ်ခင်စိန်ဝင်း ဖုန်း-၅၆၀၆၁၁နှင့် တက္ကသိုလ် စိန်တင် ဖုန်း-၅၈၀၄၅၅ တို့သို့ ပေးပို့ကြပါရန်နှင့် ပညာရည်ချွန်ဂုဏ်ပြုပွဲနှင့် သက်ကြီးပူဇော်ပွဲများအတွက် ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

တာမွေမြို့နယ်၌ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် အရိုးကုန်းရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်ကြည်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ဒီဇင်ဘာ ၁၅ ရက်က ရပ်ကွက်အတွင်း နေအိမ်များတွင် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများအား စုပေါင်းဆောင်ရွက်ကြသည်။ **(ယာပုံ)**

ထို့ပြင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဆွေနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်သန်းသန်းဝေနှင့်အဖွဲ့ဝင်များက ရပ်ကွက်အတွင်းရှိ အဘိုး၊ အဘွားများအား ဆေးဝါးထောက်ပံ့ရန်အတွက် ပစ္စည်းနှင့် လှူဒါန်းငွေများ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

(၀၈)

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းနှင့် ဝန်ကြီး ဦးသိန်းဆွေ ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ မုန်တိုင်းဒဏ်သင့် ရေလုပ်သားများအတွက် ပြန်လည်ထူထောင်ရေးလှေများ ပေးအပ်လှူဒါန်းပွဲ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၂

ရခိုင်ပြည်နယ် အမ်းမြို့နယ်အတွင်း ဂီရိဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ရေလုပ်သားများအတွက် ပြန်လည်ထူထောင်ရေးလှေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီတွင် အမ်းမြို့နယ် လောင်းဒုံးကွင်းကျေးရွာအုပ်စု တပ်တောင်ကျေးရွာ၌ ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း၊ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ပြည်နယ်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂီရိမုန်တိုင်းသင့် ကျေးရွာများမှ မိဘပြည်သူများနှင့် လှေလုပ်သားများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် ဝန်ကြီးတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ရခိုင်ပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူးက ငါးဖမ်းလှေများ တည်ဆောက်လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က မုန်တိုင်းဒဏ်သင့် အမ်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ရေလုပ်သားများသို့ ပြန်လည်ထူထောင်ရေး ငါးဖမ်းလှေများကို ပေးအပ်ကြရာ ဂဏန်းပြင်ကျေးရွာအုပ်စုနှင့် လက်ခွါဒွေကျေးရွာတို့မှ ရေလုပ်သားများက လက်ခံကြပြီး ဒေသခံ လှေသမားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရေလုပ်သားများအတွက် ပေးအပ်သော ငါးဖမ်းလှေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းနှင့် ဝန်ကြီး ဦးသိန်းဆွေတို့ အမ်းမြို့နယ်၌ မုန်တိုင်းဒဏ်သင့် ရေလုပ်သားများအတွက် ပေးအပ်သော ငါးဖမ်းလှေများကို ကြည့်ရှုစစ်ဆေးကြစဉ်။
(သတင်းစဉ်)

ဝန်ကြီး ဦးဇော်မင်းအား အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၂

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E Dr.V.S Seshadri သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ရုံးခန်းမ၌ လာရောက်တွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရေအား လျှပ်စစ်စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းအား အိန္ဒိယ သမ္မတနိုင်ငံ သံအမတ်ကြီး H.E Dr.V.S Seshadri လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုလဲမြို့နယ် ဝက်ကျကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဖွင့်လှစ်ပွဲအခမ်းအနား ကျင်းပစဉ်။
(သတင်းစဉ်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု ပုလဲမြို့နယ် ဝက်ကျကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဖွင့်လှစ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၂

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ဝက်ကျကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဖွင့်လှစ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက် ၁၁ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးထိန်မင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းရီနှင့် ရပ်မိရပ်ဖနှစ်ဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူးက ပညာရေးနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးက ကျောင်း၏ ပညာရေးအခြေအနေများကို ရှင်းလင်းတင်ပြကာ ကျေးရွာဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖတစ်ဦးတို့က ကျေးဇူးတင်စကား ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Acer (ရွှေလမင်းနဂါးကုမ္ပဏီ) New Year Special Sales Exhibition in 2011 ပြပွဲတွင် ပါဝင်ပြသမည်

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၁၄ ရက်မှ ၁၇ရက်ထိ ကျင်းပမည့် New Year Special Sales Exhibition in 2011 ပြပွဲတွင် Acer Product များကို အထူးသက်သာသော ဈေးနှုန်းများဖြင့် ရောင်းချမည့်အပြင် Acer LED Monitor (Model -G195 HQLVD) 18.5" များကို အထူးနှုန်း ငွေကျပ် ၉၀၀၀၀ ဖြင့် အလုံးရေကန့်သတ်၍ ရောင်းချပေးမည့်အပြင် Itizen Journal မှ Acer/ Apacer ကူပွန်ဖြင့် Apacer 4GB Memory Stick (Handy Drive) များကို တစ်ချောင်းလျှင် ငွေကျပ် ၅၀၀၀ ဖြင့် အကန့်အသတ်မရှိ ရောင်းချပေးမည်ဖြစ်သည်။

အထူးအစီအစဉ်အဖြစ် Apacer 2GB Memory Stick နှင့် Apacer Micro SD 2GB များကိုလည်း ငွေကျပ် ၂၀၀၀ နှုန်းဖြင့် တစ်နေ့လျှင် အချောင်း ၅၀ ကို မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအတွင်း ဦးရာလူစနစ်ဖြင့် ရောင်းချပေးမည်။ Acer Laptop New Product အနေဖြင့် Acer Aspire 4552 Notebook (AMD Generation II Athlon X2 P340/ Dual Core 2.2 GHz, ATI Radeon HD 4250-256 MB Graphic (dedicated), 2GB DDR3 RAM, 500 GB HDD)ကို ငွေကျပ် ၄၁၅၀၀၀ဖြင့် ပြပွဲရက်အတွင်း ရောင်းချမည့်အပြင် Acer ၏ နောက်ဆုံးထွက် Processor နှင့် Graphic ကို အသုံးပြုထားသော Note book များကိုလည်း အထူးဈေးနှုန်းဖြင့် ပြသရောင်းချပေးမည်ဖြစ်သည်။

3D Technology ဖြင့် ဆင်ယင်ထားသော Acer ၏ Deskop, Laptop, Projector များနှင့် Multi Touch Technology အသုံးပြုထားသည့် All in One PC များကို ပြသရောင်းချမည်။

Acer နှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက Acer Showroom & Customer Care Centre(ရန်ကုန်) ဖုန်း -၂၂၁၆၈၁ နှင့် ၂၁၇၂၃၃ Email:shwelaminnagar@gmail.com တို့သို့ မေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃-၁-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ အကပြိုင်ပွဲ
၈း၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၁၅ ၈။ အကပဒေသာ
၈း၂၅ ၉။ "အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ"
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ အတီးပြိုင်ပွဲ
၄း၃၀ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၄၀ ၅။ တေးဂီတအစီအစဉ်
၄း၅၅ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅း၁၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၅ ၈။ ရုပ်မြင်ရသတေးစုကဏ္ဍ
၅း၄၅ ၉။ "သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်" (Fresh)
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ **ပျော်ရွှင်စေသောနေ့ရက်များ "အချစ်ကော်ဖီ" (အပိုင်း-၄၉) (ဇော်ဇော်အောင်၊ ယုဇနဗိုလ်မြင့်၊ ရွှေပန်းချီ) (ဒါရိုက်တာ-အောင်ကျော်သူရ)**
၆း၄၀ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ဒုတိယတွဲ)(အပိုင်း-၁)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ "အစာလည်းဆေး၊ ဆေးလည်းအစာ" **(အပိုင်း-၉)**
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (အပိုင်း-၁၈)**
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၂၇)**
၂၁။ အစီအစဉ်ပြီး၏။

ဇင်းကျိုက် အထက မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၂

ပေါင်မြို့နယ် ဇင်းကျိုက် အထက၏ ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ကျောင်းအုပ်ဆရာမကြီး ဖုန်း- ၀၅၇-၄၉၁၆၉၊ ဦးစိန်အောင်ကြည် ဖုန်း-၀၁-၅၂၆၃၇၄၊ ၀၉-၈၆၂၄၃၅၈၊ ဦးမင်းချို၀င်း ဖုန်း-၀၉-၅၁၃၈၈၅၀၊ ဒေါ်သန်းသန်းအေး ဖုန်း-၀၅၇-၄၉၀၆၁၊ ဦးမင်းဘတင် ဖုန်း-၀၅၇-၄၉၀၇၀နှင့် ဦးအောင်မင်းနိုင် ဖုန်း-၀၅၇-၄၉၁၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အမေရိကန်၌ ၁၁ နှစ်ကျော်ကာလအတွင်း ဆီးချိုရောဂါဖြစ်ပွားမှု နှစ်ဆမြင့်တက်ခဲ့

ဝါရှင်တန် ဇန်နဝါရီ ၁၂

အမေရိကန်နိုင်ငံသား အရွယ်ရောက်သူ ၁၉ သန်းခန့်မှာ ၂၀၀၇ ခုနှစ်အတွင်း ဆီးချို၊ သွေးချို ရောဂါကုသမှုခံယူနေ ကြရပြီး ၁၉၉၆ ခုနှစ်နှင့် နှိုင်းစာလျှင် နှစ်ဆမြင့်တက်ခဲ့ကြောင်း ဇန်နဝါရီ ၁၁ ရက် သတင်းများတွင် ဖော်ပြသည်။

၁၉၉၆ ခုနှစ်မှ ၂၀၀၇ ခုနှစ်တွင် အသက် (၆၅) နှစ်နှင့် အထက်ရှိသူများမှာ ဆီးချို၊ သွေးချိုရောဂါဖြစ်ပွားမှု ၄ ဒသမ ၃ သန်းမှ ရှစ်သန်းအထိ တိုးလာကြောင်း အမေရိကန်ကျန်းမာရေး စောင့်ရှောက်မှုနှင့် အရည်အသွေး ထိန်းသိမ်းရေးအေဂျင်စီ၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

အသက် (၄၅) နှစ်မှ (၆၄) နှစ်အတွင်းရှိ အမေရိကန်နိုင်ငံသားများထဲတွင် ဆီးချို၊ သွေးချိုရောဂါခံစားရသူဦးရေမှာ ၃ ဒသမ ၆ သန်းမှ ၈ ဒသမ ၉ သန်းအထိ တိုးလာကြောင်းနှင့် အသက် (၁၈) နှစ်မှ (၄၄) နှစ်အတွင်း အရွယ်များတွင် ၁ ဒသမ ၂ သန်းမှ ၂ ဒသမ ၄ သန်းအထိ တိုးလာကြောင်းလည်း ဖော်ပြထားသည်။

အဆိုပါ ဆီးချို၊ သွေးချိုဝေဒနာရှင်များအတွက် ကုသမှုကုန်ကျစရိတ်မှာ ၁၉၉၆ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၁၈ ဒသမ ၅ သန်းရှိခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ဒေါ်လာ ၄၁ သန်း ကုန်ကျခဲ့ရာ ကုန်ကျစရိတ် နှစ်ဆကျော်မြင့်တက်ခဲ့သည်။ ပြင်ပလူနာများအတွက် ကုသမှုစရိတ်မှာ ၁၉၉၆ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ငါးသန်းခန့် ရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် အကြမ်းဖျင်းအားဖြင့် ဒေါ်လာ ၁၀ သန်းရှိကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။

၁၉၉၆ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း ၁၁ နှစ်ကျော်ကာလထိ ဆေးကုသမှုစရိတ်မှာ အမေရိကန်ဒေါ်လာ လေးသန်းမှ ၁၉ သန်းအထိ ကုန်ကျခဲ့ရာ လေးဆမြင့်တက်ခဲ့သည်။ အဆိုပါလူနာတစ်ဦးချင်းစီ၏ ဆေးညွှန်းစာပါဆေးများ သုံးစွဲမှုကုန်ကျစရိတ်မှာ ၁၉၉၆ ခုနှစ်တွင် ၄၉၅ ဒေါ်လာရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် ၁၀၄၈ ဒေါ်လာဖြစ်ခဲ့ရာ နှစ်ဆကျော် တိုးလာကြောင်း ယင်းအစီရင်ခံစာ၌ ဖော်ပြထားသည်။ **အင်တာနက်။**



တရုတ်ပြည်သူ့သမ္မတနိုင်ငံ မဟာတံတိုင်းကြီးသို့ ရောက်ရှိနေသော အမေရိကန် ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်စ်ကို ဇန်နဝါရီ ၁၂ ရက်က တွေ့ရစဉ်။

တရုတ်နိုင်ငံ၏ နျူလက်နက်ထိန်းချုပ်ရေးဌာနချုပ်သို့ အမေရိကန်ကာကွယ်ရေးဝန်ကြီး သွားရောက်

ပေကျင်း ဇန်နဝါရီ ၁၂ - မဟာဗျူဟာမြောက် နျူကလီးယားလက်နက်များ ထိန်းချုပ်ရေးဌာနချုပ်ကို ဝင်ရောက်လေ့လာရန် အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်စ်ကို တရုတ်နိုင်ငံက ဗုဒ္ဓဟူးနေ့တွင် ဖိတ်မန္တကပြုခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ယင်းသို့ ဖိတ်ခေါ်ခဲ့ခြင်းကြောင့် အမေရိကန်ပြည်ထောင်စု၏ ကာကွယ်ရေးဝန်ကြီးတစ်ဦးအနေဖြင့် တရုတ်နိုင်ငံ၏ နျူကလီးယားလက်နက်ထိန်းချုပ်မှုစနစ်ကို ရှားတောင့်ရှားခဲတွေ့မြင်ခွင့်ရရှိမည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံ နှစ်နိုင်ငံလုံးသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်ပစ်ခတ်နိုင်သော တာဝေးပစ် နျူကလီးယားဒုံးပျံများကို အသီးသီးပိုင်ဆိုင်ထားကြသည်။ သို့ရာတွင် ယင်းလက်နက်များကို အသုံးပြုရန် ရည်ရွယ်ထားခြင်းမရှိကြောင်း နှစ်နိုင်ငံလုံးက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ နျူလက်နက် လက်ဦးမှုယူ အသုံးမပြုရေးမူဝါဒအပြင် နျူကလီးယားမဟာဗျူဟာဆိုင်ရာ အရေးကိစ္စများကိုလည်း အတော်အသင့် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြောင်း ရောဘတ်ဂိတ်စ်က သတင်းထောက်များကို ပြောကြားခဲ့သည်။

နျူလက်နက်ထိန်းချုပ်ရေးဌာနချုပ်သို့ ရောက်ရှိစဉ်အတွင်း ရောဘတ်ဂိတ်စ်က တရုတ်နျူကလီးယားဒုံးကျည် တပ်ဖွဲ့များ၏ တပ်မှူး ဗိုလ်ချုပ်ကြီးကျန်ရှီယွင်ကို နီဘရာစကားပြည်နယ်ရှိ အမေရိကန်ပြည်ထောင်စု၏ နျူလက်နက် ထိန်းချုပ်ရေးမဟာဗျူဟာစစ်ဌာနချုပ်သို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့သည်။

ပေကျင်းမြို့တော် ဆင်ခြေဖုံး ကျင့်ဟီဒေသရှိ မဟာဗျူဟာ နျူကလီးယားလက်နက်များ ထိန်းချုပ်ရေးဌာနချုပ်ကို ကာကွယ်ရေးဝန်ကြီးဟောင်း ဒေါ်နယ်အိတ်ချ်ရမ်းစဖဲအပါအဝင် အမေရိကန်တာဝန်ရှိသူ အနည်းငယ်မျှသာ ယခင်က ရောက်ဖူးခဲ့သည်။

တရုတ်နိုင်ငံသည် မြေပြင်အခြေစိုက်ဒုံးပျံများ၊ ဗုံးကြဲလေယာဉ်များနှင့် ရေငုပ်သင်္ဘောများ၌ တပ်ဆင်ထားသော ဒုံးပျံများအပါအဝင် နျူကလီးယားလက်နက် ၂၀၀ ခန့်ကို ဖြန့်ကြက်ထားကြောင်း လေ့လာသူအချို့က ခန့်မှန်းကြသည်။ **အေပီ။**

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး ဇန်နဝါရီ ၁၂

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး ဇန်နဝါရီ ၁၂ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၅၆၃ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၄၀၇၇၄ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၅၆၃ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၀၇၇၄ ဦး

အင်တာနက်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၂

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဇန်နဝါရီ ၁၂ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ ၇၀၄၆၃၁ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၇၅၄၆၉ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၄၆၃၁ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၅၄၆၉ ဦး

အင်တာနက်။

အာဖဂန်ရောက် ဂျာမန်တပ်ဖွဲ့ သက်တမ်းတိုးရေး ဝန်ကြီးအဖွဲ့က ပါလီမန်ထံ မေတ္တာရပ်ခံ

ဘာလင် ဇန်နဝါရီ ၁၂ - အာဖဂန်နစ္စတန်နိုင်ငံ၌ ဂျာမန်တပ်ဖွဲ့၏ စစ်ရေးအထူးလုပ်ငန်းကို နောက်ထပ်တစ်နှစ် သက်တမ်းတိုးနိုင်ရန် ဂျာမနီနိုင်ငံဝန်ကြီးချုပ် အိန်ဂျလာမာကဲလ်၏ ဝန်ကြီးအဖွဲ့က ပါလီမန်အား ဇန်နဝါရီ ၁၂ ရက်တွင် မေတ္တာရပ်ခံလိုက်သည်။

အာဖဂန်နစ္စတန်နိုင်ငံရောက် ဂျာမန်တပ်ဖွဲ့၏ စစ်ရေးအထူးတာဝန် သက်တမ်းတိုးရေးကိစ္စနှင့် စပ်လျဉ်း၍ ဝန်ကြီးအဖွဲ့အတွင်း သဘောကွဲလွဲမှုဖြစ်ပေါ်ခဲ့သည်။ ဂျာမန်ကာကွယ်ရေးဝန်ကြီးက ယင်းနိုင်ငံမှ တပ်ဖွဲ့ရုပ်သိမ်းရေးကိစ္စ၌ အချိန်ဇယားအတိအကျသတ်မှတ်ရန် လိုလားခြင်းမရှိပေ။ သို့ရာတွင် နိုင်ငံခြားရေးဝန်ကြီးကမူ တပ်ဖွဲ့ရုပ်သိမ်းမှုစတင်ရန် အချိန်ဇယားသတ်မှတ်ချက် လိုအပ်သည်ဟု ဆိုသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ နိုင်ငံတကာလုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဂျာမန်တပ်ဖွဲ့ဝင် ဦးရေ ၅၀၀၀ ခန့်ရှိသည်။

အာဖဂန်နစ္စတန်နိုင်ငံသို့ ဂျာမန်တပ်ဖွဲ့များ စေလွှတ်မှုကို ပြည်သူအများစုက လိုလားခြင်းမရှိဟု စစ်တမ်းများအရ သိရသည်။

အကယ်၍ အာဖဂန်နစ္စတန်နိုင်ငံ၏ လုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်လာမည်ဆိုပါက ယခု နှစ်ကုန်မှစတင်ကာ ဂျာမန်တပ်ဖွဲ့အင်အားကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ဂျာမန်နိုင်ငံခြားရေးဝန်ကြီး ဂီဒိုဝက်စ်တာဝဲလ်က ပြောကြားသည်။

အင်တာနက်။

ဩစတြေးလျရေဘေး ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်ကြောင်း သိပ္ပံပညာရှင်များကဆို

စင်ကာပူ ဇန်နဝါရီ ၁၂ - ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်၌ ဖြစ်ပွားလျက်ရှိသော ရေဘေးဥပဒ်၏ **(အပေါ်ပုံ)** အကြောင်းရင်းခံဖြစ်သည့် မုတ်သုံမိုးရွာသွန်းမှုကို ရာသီဥတုပြောင်းလဲမှုက ပိုမိုမြင့်မားဆိုးရွားစေဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

မုန်တိုင်းတိုက်ခတ်မှုများနှင့် လပေါင်းများစွာ ကြာမြင့်နိုင်မည့် မိုးရွာသွန်းမှုများကို ရှေ့ဆက်တွေ့ကြုံရဦးမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ ကမ္ဘာကြီးပူနွေးလာသည်နှင့်အမျှ ပမာဏအားဖြင့် ကျယ်ပြန့်သော မိုးခေါင်မှုများနှင့် ရေကြီးမှုများ ပိုမိုဖြစ်ပွားလာနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ကမ္ဘာတစ်ဝန်း ရာသီဥတုဖြစ်စဉ်များကို ဖောက်လွဲဖောက်ပြန်ဖြစ်စေနိုင်သည့် လာနီညာနှင့် အယ်လ်နီညို ရာသီဥတုဖြစ်စဉ်များကို ပိုမိုအားကောင်းလာစေရန် ရာသီဥတုပြောင်းလဲမှုက တွန်းအားပေးလိမ့်မည်ဟူသောအချက်မှာ တစ်ထစ်ချပြောရန် မဖြစ်နိုင်ကြောင်း သိရသည်။

ဩစတြေးလျ ကမ်းလွန်ရေပြင်၏ အပူချိန်သည် လေ့လာတိုင်းတာခဲ့ဖူးသမျှ လက်ရှိအချိန်တွင် အပူနွေးဆုံးဖြစ်သည်။ ယင်းကဲ့သို့ သမုဒ္ဒရာရေပြင်ပူနွေးလာမှုကြောင့် ရေခိုးရေငွေ့များ လေထုအတွင်းရောက်ရှိမှုဖြစ်ပေါ်ပြီး ကွင်းစလန်းပြည်နယ်နှင့် ဩစတြေးလျနိုင်ငံမြောက်ပိုင်းတို့၌ မုတ်သုံမိုး ရွာသွန်းမှုများဖြစ်ပေါ်ခဲ့ရကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်၌ ဖြစ်ပွားနေသော ရေလွှမ်းမိုးမှုသည် ယင်းနိုင်ငံ၏ တတိယအကြီးဆုံး မြို့ဖြစ်သော ဘရစ္စဘိန်းမြို့သို့ ယနေ့စတင်ကူးစက်နေပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဘရစ္စဘိန်းမြစ်ရေတိုးမှုသည် ဇန်နဝါရီ ၁၃ ရက်တွင် အမြင့်ဆုံးသို့ရောက်ရှိခဲ့ပါက လူဦးရေ နှစ်သန်းခန့်နေထိုင်သော ဘရစ္စဘိန်းမြို့တွင်းရှိ လူနေအိမ် ၂၀၀၀၀ နီးပါး ရေမြုပ်မည့် အန္တရာယ်နှင့် ကြုံဆုံရမည်ဖြစ်သည်။ ကွင်းစလန်းပြည်နယ် ရေဘေးကြောင့် သေဆုံးသူ အနည်းဆုံး ၂၂ ဦး ရှိပြီး ၆၇ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။ **အမ်အင်အေ၊ ရိုက်တာ။**

ဟေတီငလျင်လှုပ်ခတ်မှု နှစ်ပတ်လည်နေ့ကျင်းပ

ပေါ်တိုပရင့်စ် ဇန်နဝါရီ ၁၂

ပေါ်တိုပရင့်စ်မြို့တော်ကို ပြားပြားဝပ်သွားစေခဲ့သော အင်အားပြင်းငလျင်လှုပ်ခတ်မှု တစ်နှစ်ပြည့်အထိမ်းအမှတ်ကို ဟေတီနိုင်ငံသားများက ယနေ့ပြုလုပ်ခဲ့ကြကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဘဏ်များ၊ ကျောင်းများနှင့် အစိုးရရုံးများကို ငလျင်လှုပ်ခတ်မှု နှစ်ပတ်လည်နေ့အတွက် ပိတ်ထားရန် ဟေတီအစိုးရက ညွှန်ကြားထားသည်။ ပေါ်တိုပရင့်စ်မြို့တော်ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရသော ဘုရားကျောင်း၌ ပုပ်ရဟန်းမင်းကြီး၏ ကိုယ်စားလှယ်အဖွဲ့က ပြုလုပ်သည့် ဆုတောင်းပွဲနှင့်အတူ ငလျင်လှုပ်ခတ်မှုတစ်နှစ်ပြည့်ခြင်း အထိမ်းအမှတ်ပွဲကို ကျင်းပခဲ့သည်။

ငလျင်ဒဏ်ကြောင့် ရရှိခဲ့သော ခါးသီးသည့်အတွေ့အကြုံများကို ဟေတီနိုင်ငံ ပြန်လည်တည်ဆောက်နိုင်မှုနှင့်အတူ မေ့ပျောက်ပစ်နိုင်ရန် ဟေတီနိုင်ငံသားများက မျှော်လင့်လျက်ရှိသည်။

၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် ဟေတီနိုင်ငံသား ၂၅၀၀၀၀ ခန့် သေဆုံးခဲ့ရပြီး လူတစ်သန်းကျော်ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ ယင်းအပြင် ငလျင်လှုပ်ခတ်ပြီးနောက်ပိုင်း ဖြစ်ပွားခဲ့သော ကာလဝမ်းရောဂါကပ်ဘေးကိုလည်း ဟေတီနိုင်ငံသားများ ခံစားခဲ့ရသည်။

နိုင်ငံတကာမှ အကူအညီဒေါ်လာဘီလီယံပေါင်းများစွာ ရရှိခဲ့သော်လည်း ဟေတီနိုင်ငံ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများမှာ ခရီးတွင်ခြင်းမရှိသေးပေ။

အမ်အင်အေ၊ ရိုက်တာ။

ပေါ်တိုပရင့်စ်မြို့တော်၌ ပြုလုပ်ခဲ့သော ငလျင်လှုပ်ခတ်မှု တစ်နှစ်ပြည့် အထိမ်းအမှတ် ဝတ်ပြုဆုတောင်းပွဲ။

ဝန်ကြီး ဦးစိုးသိန်း ကျောက်ဖြူမြို့နယ် ဒေသပြန်လည်ထူထောင်ရေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၂

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် ဇန်နဝါရီ ၉ ရက်တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်၌ ပြန်လည်ပြင်ဆင်ပြုပြင်ပြီးသော ကျောင်းများနှင့် ပညာရေးကောလိပ်ကျောင်းဆောင်များ၏ ပြီးစီးမှု၊ ကျောင်းဆောင်သစ်များ ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျွန်းသာယာကျေးရွာနှင့် ငပသုန်ကျေးရွာတို့၌ ဘုန်းတော်ကြီးကျောင်း ပြုပြင်ပြီးစီးမှု၊ ကျောင်းဆောက်လုပ်နေမှုနှင့် ကျေးရွာပြန်လည်ထူထောင်မှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားသည်။

ဝန်ကြီးသည် ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် ကျောက်ဖြူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေများကို ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ဆောက်လုပ်ပြီးစီးနေသော ကမ်းဒီးကျေးရွာ၊ ကပ်သပြေကျေးရွာနှင့် ဇိတ်ပြိန်တောင်ကျေးရွာတို့ရှိ အလျားပေ ၉၀၊ အနံပေ ၃၀ Steel Structure သုံး အခြေခံပညာမူလတန်းကျောင်းဆောင်သစ်များကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာလူထု၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

AIDS လူနာများအား ART ဆေးဝါးဖြင့် ကုသမှုပေးနေ မြို့ကြီးသုံးမြို့၌လည်း တိုးချဲ့ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၂

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး) ဒေါက်တာဝင်းမောင်နှင့် တာဝန်ရှိသူများသည် International Union Against TB and Lung Diseases (IUATLD) မှ Dr. Philippe Clervenbergh နှင့်အတူ ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ အထူးကုဆေးရုံ (သာကေတ)သို့ ရောက်ရှိပြီး လူနာဆောင်များ၌ တက်ရောက် ကုသမှုခံယူလျက်ရှိသော အေအိုင်ဒီအက်စ်ရောဂါဝေဒနာရှင်များ၊ တီဘီရောဂါဝေဒနာရှင်များအား ပြုစုကုသပေးနေမှုများနှင့် ဓာတ်ခွဲခန်းများကို ကြည့်ရှုလေ့လာရာ ဆေးရုံအုပ် ဒေါက်တာကျော်ဇေယျနှင့် အထူးကုဆရာဝန် ဒေါက်တာစပယ်ဖြူတို့က လိုက်လံရှင်းလင်းပြသကြသည်။

ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး) ဒေါက်တာဝင်းမောင်နှင့် International Union Against TB and Lung Diseases (IUATLD) မှ Dr. Philippe Clervenbergh တို့ အထူးကုဆေးရုံ (သာကေတ) ၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ထို့နောက် ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး)နှင့်အဖွဲ့သည် ရှေ့ဆက်လက်၍ ပူးပေါင်းဆောင်ရွက်မည့် ART ဆေးဝါး၊ တီဘီရောဂါအပါအဝင် အခြားအခွင့်အရေးယူရောဂါများ(OIS)အတွက် ဆေးဝါးများရရှိရေး၊ ဓာတ်ခွဲစမ်းသပ်မှုနည်းပညာ၊ ပစ္စည်းပံ့ပိုးပေးရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြပြီး IUATLD မှ Dr. Philippe Clervenbergh က သာကေတဆေးရုံ၌ ဆေးကုသရန် လူနာများအတွက် ပြင်ဆင်ထားရှိမှု အခြေအနေများကို အားရဝမ်းသာကျေနပ်မှုရှိပါကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနနှင့်လည်း ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးညှိနှိုင်းကြသည်။

IUATLD အဖွဲ့သည် ၂၀၀၅ ခုနှစ်မှ စတင်ပြီး ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်၊ အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံချက်တို့နှင့် ပူးပေါင်း၍ မန္တလေးပြည်သူ့ဆေးရုံကြီး၊ ပခုက္ကူ လားရှိုး၊ တောင်ကြီးဆေးရုံများ၌ AIDS လူနာများအား ART ဆေးဝါးဖြင့် ကုသပေးမှုကို ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍ မုံရွာ၊ မြင်းခြံ၊ မိတ္ထီလာဆေးရုံကြီးများ၌လည်း တိုးချဲ့ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိသည်။

ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်သည် ပြည်တွင်း/အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း(၁၄)ခုတို့နှင့် ပူးပေါင်း၍လည်း AIDS လူနာများအား ART ဆေးဝါးဖြင့် ကုသပေးမှု လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇီဝထိရောက်မှု စမ်းသပ်ကွက်နည်းစဉ်များ ရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ထိုင်းနိုင်ငံ ဗန်ကောက်အခြေစိုက် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဒေသဆိုင်ရာရုံးခွဲတို့ ပူးပေါင်းညှိနှိုင်းစီစဉ်မှုဖြင့် ဆောင်ရွက်သော ဇီဝထိရောက်မှု စမ်းသပ်ကွက်နည်းစဉ်များ ရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၀ ရက်မှ ယနေ့အထိ ရန်ကုန်မြို့ ကြို့ကုန်းရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးစေ့ဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမှ တာဝန်ရှိသူများ၊ ASEAN အဖွဲ့ဝင်ရှစ်နိုင်ငံမှ ကိုယ်စားလှယ်များ၊ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် Dr. Dinesh Kumar Nagia နှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ဇီဝထိရောက်မှု စမ်းသပ်ကွက်နည်းစဉ်များ ရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ကြို့ကုန်းရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးစေ့ဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။

(သတင်းစဉ်)

ဖွင့်ပွဲအခမ်းအနားတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်သောင်းနှင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေကိုယ်စားလှယ် Dr. SHIN IMAI တို့က အမှာစကား ပြောကြားကြသည်။

အဆိုပါဆွေးနွေးပွဲ၌ နိုင်ငံအသီးသီး၏ ပိုးသတ်ဆေးဥပဒေများအရ မှတ်ပုံတင်လျှောက်ထားသည့် ပိုးသတ်ဆေးများအား ဇီဝထိရောက်မှု စမ်းသပ်ကွက်များ ဆောင်ရွက်မည့် နည်းစဉ်များကို အရှေ့တောင်အာရှနိုင်ငံများအကြား ချိန်ညှိခြင်း ဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ရအသင်း မြတ်ဆရာပူဇော်မည်

နေပြည်တော် ဇန်နဝါရီ ၁၂

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း၏ (၁၂)ကြိမ်မြောက် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိန်ရတုခမ်းမှာရုံ၌ ကျင်းပမည်ဖြစ်ရာ စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများ စုံညီစွာ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို ဒေါက်တာသိန်းလွင် ဖုန်း-၀၆၇-၄၁၆၅၁၃၊ ဦးစိုးဝင်းမောင် ဖုန်း-၀၆၇-၄၁၀၁၀၇၊ ဦးဇော်ဝင်း ဖုန်း-၀၆၇-၄၃၁၁၁၃၊ ဦးစိန်ဝင်း ဖုန်း-၀၆၇-၄၁၆၅၃၀နှင့် ဦးဝင်းမောင် ဖုန်း-၀၆၇-၄၁၀၀၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၃-၁-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၃၀ ၃။ ဓမ္မပူဇာတေး
- ၇း၃၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၄၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ မွေးမြူသုတ
- ၄း၂၅ ၅။ အမျိုးသားရေးတေးကဗျာ
- ၄း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၃၅ ၇။ သတိနှင့်တိုးမည့် ပိုးဖလံများ
- ၅း၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၅ ၉။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၃၀)**
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၅ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၂။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆း၄၅ ၁၃။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ (အပိုင်း-၃၈)
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြယ်စင်ညီအစ်မများ (အပိုင်း-၄၆)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ ကုန်သွယ်သုတ/ ရွှေဟောင်းသုတ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၄၆)**
- ၂၂။ ဂီတရင်ခုန်သံ
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

New Year Special Sales Exhibition in 2011 ပြပွဲ MSI Laptop များ ပါဝင်ပြသမည်

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၁၄ ရက်မှ ၁၇ ရက်ထိ ကျင်းပမည့် New Year Special Sales Exhibition in 2011 ပြပွဲတွင် IT Zone ၌ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ပြခန်းပေါင်း (၈၀)ကျော်ဖြင့် ပြသမည်ဖြစ်သည်။**(အောက်ပုံ)**

အဆိုပါ IT Zone တွင် msi Laptop များကို တရားဝင်ဖြန့်ချိလျက်ရှိသော Royal Smart Co., Ltd. ၏ ပြခန်း၌ msi Laptop ဝယ်ယူသူများအား Memory Stick 4GB လက်ဆောင်ပေးမည်ဖြစ်ပြီး ပြပွဲရက် Happy Hour အတွင်း msi Laptop ဝယ်ယူပါက ငွေကျပ် ၃၀၀၀၀ ဈေးလျှော့၍ ရောင်းချပေးမည်ဖြစ်ကြောင်း၊ Gaming Series Laptop စိတ်ဝင်စားသူများအတွက် msi မှ နောက်ဆုံးထွက်ရှိသော Processor core i7 တပ်ဆင်ထားသည့် GX 640 (Gaming Series) ကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် msi မှ နောက်ဆုံးထွက်ရှိသော P67A-GD55, H67 MA-E45 Motherboard များကို Intel ၏ နောက်ဆုံးထွက်ရှိသည့် CPU Socket 1155 (Sandy Bridge) ဖြင့် တွဲဖက်၍ ပြသထားမည်ဖြစ်သည်။ ပြပွဲခင်းကျင်းပြသရောင်းချမည့် msi Laptop များမှာ Ex 465-MX , CR 420-P6100,FX 400-i3, CX 420-i3 GX 640-i7 (Gaming Series)တို့ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၂

ကချင်ပြည်နယ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင် တက်ရောက်ပြီး ပညာရေးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် မြစ်ကြီးနားမြို့အားကစားကွင်း၌ ကျင်းပသော ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး တိုင်းမှူးက ပြခန်းဖွင့်ပွဲဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်၍ ဆုရရှိကြသော ပြခန်းများအား ဆုများပေးအပ်ချီးမြှင့်ကာ ပြခန်းများကို လိုက်လံကြည့်ရှုအားပေးသည်။

တိုင်းမှူးသည် ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းတွင် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ တက်ရောက်ပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌထံမှ ပေးပို့သည့် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာအား ဖတ်ကြားကာ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများသို့ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဲကုန်းမြို့နယ် အခမဲ့မျက်စိခွဲစိတ်ကုသမှု အခမ်းအနား ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၂

အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဇန်နဝါရီ ၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်၌ ကျင်းပသော အခမဲ့ကွင်းဆင်းမျက်စိခွဲစိတ်ကုသပေးမှု အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး မျက်စိခွဲစိတ်ကုသမှုခံယူပြီးသည့် ဝေဒနာရှင်များအား နေကာမျက်မှန်များ တပ်ဆင်ပေးသည်။

အဆိုပါ အခမဲ့ ကွင်းဆင်းမျက်စိခွဲစိတ်ကုသခြင်း ပဏာမစစ်ဆေးခြင်းလုပ်ငန်းများကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ စတင်ခဲ့ပြီး ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၆ ရက်မှ ၈ ရက်အထိ အတွင်းတိမ် မျက်စိဝေဒနာရှင်ပေါင်း ၄၁၆ ဦးကို အခမဲ့မျက်စိခွဲစိတ်ကုသပေးခဲ့သည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဆင်မြီးဆွဲပြည်သူ့ဆေးရုံ၊ သဲကုန်းမြို့နယ် အင်ပင်လှ ကျေးလက်ကျန်းမာရေးဌာနနှင့် ပုတီးကုန်းတိုက်နယ်ဆေးရုံတို့ရှိ လူနာဆောင်များ၊ သားဖွားခန်း၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့် ဓာတ်မှန်ခန်းတို့ကို အသေးစိတ် ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေကာမျက်မှန်များ တပ်ဆင်ပေး

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး မျက်စိခွဲစိတ်ကုသမှုခံယူပြီးသည့် ဝေဒနာရှင်များအား နေကာမျက်မှန်များ တပ်ဆင်ပေးစဉ်။ (သတင်းစဉ်)

အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂၅/၂၀၁၁)ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

နိုင်ငံခြားရေးဝန်ကြီးဌာနက ဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၂၅/၂၀၁၁)ဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အငြိမ်းစား သံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။



အဆိုပါသင်တန်း၌ မျက်မှောက်ခေတ် နိုင်ငံတကာရေးရာ၊ အပြည်ပြည်ဆိုင်ရာ ညီလာခံများကျင်းပခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းပညာ၊ နိုင်ငံတကာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ စီးပွားဆက်ဆံရေး၊ နိုင်ငံတကာလူမှုဆက်ဆံရေး နီတိ၊ သံတမန်စာနှင့် ရုံးစာများရေးသားခြင်း၊ နိုင်ငံတကာ ဆက်သွယ်ပြောဆိုမှုပညာ စသည်တို့ကို ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၁၉၅ ဦး တက်ရောက်၍ သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဘူမိဗေဒအထူးပြုကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၂

၁၉၈၂ နှင့် ၁၉၈၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)၌ ပထမနှစ် စတင်တက်ရောက်ခဲ့ကြသော ဘူမိဗေဒ အထူးပြုကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဇန်နဝါရီ ၁၅ ရက် (စနေနေ့) ညနေ ၅ နာရီမှ ည ၉ နာရီအထိ ရွှေဘဲစားတော်ဆက် (ကန်တော်မင်ပန်းခြံ)၌ ကျင်းပမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းပါဝင်လှူဒါန်းလိုသူများသည် မြတ်လှိုင် ဖုန်း-၀၉-၅၀၀၄၄၆၇၊ သိန်းထွန်း ဖုန်း-၀၉-၈၅၇၈၆၁၅၊ သန့်ဇင် ဖုန်း-၀၉-၅၀၀၄၃၉၇၊ ပွင့်သွယ်ဝင်း ဖုန်း-၀၉-၉၉၇၀၆၇၅၊ သိန်းစိုး ဖုန်း-၀၁-၇၀၇၇၃၆၊ ခိုင်စိုး ဖုန်း-၀၉-၅၅၀၄၈၈၈၊ ဆွေသန်းမောင် ဖုန်း-၀၉-၅၁၂၈၂၉၂၊ လူမော် ဖုန်း-၀၉-၅၀၀၈၈၃၀၊ ဝင်းမြင့် ဖုန်း-၀၉-၅၁၂၈၇၅၅၊ ဝင်းဇော်ရှိန် ဖုန်း-၀၉-၉၉၇၀၆၇၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ပေါင်းတည်အသင်း (ရန်ကုန်) စည်းဝေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

ပေါင်းတည်မြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည် ချွန်ဆုပေးပွဲကို အလုံမြို့နယ် အလုံလမ်း ကမ်းနားလမ်းဘက်ရှိ ပါဠိတက္ကသိုလ် ဇမ္ဗူရတနာကျောင်းဓမ္မာရုံ၌ ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီ တွင် ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များထဲမှ ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အသက်(၇၅) နှစ်ပြည့်ပြီးသူများနှင့် ပညာရည်ချွန်ဆုရသော အသင်းဝင်သားသမီးများသည် ဇန်နဝါရီ ၁၅ ရက်(စနေနေ့)နောက်ဆုံးထား၍ အထောက်အထားအပြည့်အစုံ တင်ပြလျှောက်ထားကြရမည်ဖြစ်ကြောင်း သိရသည်။

(၀၄)

မြဝတီ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း စက်ချုပ်သင်တန်းဆင်း

မြဝတီ ဇန်နဝါရီ ၁၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း မြဝတီ၏ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၄၀) နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၂၆) သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃ ရက်တွင် သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခေတ္တကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာမိမိမော်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၄၀) သင်တန်းထူးချွန်ဆု ပထမရရှိသူ မနီလာလှိုင်အား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်က အပ်ချုပ်စက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများအား ဆုချီးမြှင့်သည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဇော်ကံနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် သင်တန်းသူ ၄၀ တို့ တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ရွှေရန်ကုန်ယာဉ်လိုင်းရုံးသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက်က သန်လျင်မြို့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမိုးခိုင်ထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ရွှေရန်ကုန်ယာဉ်လိုင်း ကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူများ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၅၂၇)

မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်၍ ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းရှိ ဆာကူရာတာဝါ၌ မီးသတိပေးစနစ် စမ်းသပ်လေ့ကျင့်ခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှု အစမ်းလေ့ကျင့်ဆောင်ရွက်စဉ်။ (ခရိုင်ပြန်/ဆက်)

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊ စက်ယန္တရားများ ကောင်းမွန်ခြင်းရှိ၊ မရှိကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်အောင်နီ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ဒီဇင်ဘာ ၁၁ ရက်က မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့အထူးသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုကို စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တမူးခရိုင် ခါမ်းပါတ်မြို့ စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မြို့ဝင်ဆိုင်းဘုတ်စိုက်ထူခြင်းနှင့် မြေယာရှုခင်းအလှဆောင်ရွက်ပြီးစီးမှုတို့ကို စည်ပင်တာဝန်ခံ ဦးအေးမင်းထွန်း ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်ခင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဝန်ကြီး ဦးဌေးဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ CNTIC ဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးဌေးဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Technical Import & Export Corporation (CNTIC) ဥက္ကဋ္ဌ Mr. Wu DuoYu ဦးဆောင်သောအဖွဲ့သည် ဇန်နဝါရီ ၁၁ ရက် ညနေ ၅ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးဌေးဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Technical Import & Export Corporation (CNTIC) ဥက္ကဋ္ဌ Mr.Wu DuoYu ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

(၁၅)ကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာဂေါက်သီးရိုက်အသင်းမှ ကျင်းပသော ၂၀၁၁ ခုနှစ် (၁၅)ကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်း ၉ မိုင်ရှိ မြန်မာဂေါက်သီးရိုက်အသင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာဂေါက်သီးရိုက်အသင်း အတွင်းရေးမှူး ဦးအောင်ဖေက ပြိုင်ပွဲအတွက် ကူညီပံ့ပိုးခဲ့ကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုပေးအပ်ရာ ဦးသက်တင် (Transview) ကလက်ခံသည်။

ဆက်လက်၍ Han Golf Masters Pte;Ltd. CEO ဦးချမ်းဟန်က အမျိုးသမီး (၁၀-၁၈)နှစ် သက်တန်းပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူနှစ်ဦးနှင့်ပဥ္စမဆုရ ဖူးပွင့်ရတီခိုင်၊ စတုတ္ထဆုရ မေသင်းခိုင်၊ တတိယဆုရ ပွင့်ဖူးနဒီခိုင်၊ ဒုတိယဆုရ ဝင့်ဖူးနဒီအောင်နှင့် ပထမဆုရ ရှမဝဝင်းမြင့်တို့အားလည်းကောင်း၊ Han Golf Masters Pte; Ltd. Director ဦးကြည်လှဟန်က အသက်(၁၀-၁၂)နှစ် အတန်းပြိုင်ပွဲတွင် နှစ်သိမ့်ဆုရသူ ငါးဦးနှင့် ပဥ္စမဆုရ အောင်ဝေလျှံဟိန်း၊ စတုတ္ထဆုရ ဘုန်းပြည့်ချမ်းဟန်၊ တတိယဆုရ ပြည့်ဖြိုးသူ၊ ဒုတိယဆုရ ထွန်းအောင်ခိုင်နှင့် ပထမဆုရ သန်းထွန်းအောင်တို့အားလည်းကောင်း၊ မြန်မာဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း)က အသက်(၁၃-၁၅)နှစ် အတန်းပြိုင်ပွဲတွင် နှစ်သိမ့်ဆုရသူ ငါးဦးနှင့် ပဥ္စမဆုရ ဇင်အောင်မင်း၊ စတုတ္ထဆုရ ကျော်မင်းသူ၊ တတိယဆုရ အောင်ဆန်းမျိုး၊ ဒုတိယဆုရ လှိုင်မင်းထက်နှင့် ပထမဆုရ အောင်ချစ်မင်းတို့အား လည်းကောင်း၊

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က အသက်(၁၆-၂၀)နှစ် အတန်းပြိုင်ပွဲတွင် နှစ်သိမ့်ဆုရသူ ငါးဦးနှင့် ပဥ္စမဆုရ ကောင်းထူးအောင်၊ စတုတ္ထဆုရ ရဲလွင်ဦး၊ တတိယဆုရ ဇင်မင်းသူ၊ ဒုတိယဆုရ ရဲထက်အောင်နှင့် ပထမဆုရ ဝေယံလင်းတို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပြိုင်ပွဲအတွက် Transview Golf Myanmar က ဆုဖလားများကို လည်းကောင်း၊ KM Golf Centre, Standard House Golf, Taylormade Golf Co., Ltd., Thet Paing Soe Co., Ltd. Kyone Sein Bag Factor, Mr. Golfer Golf Service, Han Golf Masters Pte Ltd. တို့က ဂေါက်သီးရိုက်ပစ္စည်းများကို လည်းကောင်း ကူညီပံ့ပိုးကြပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် ဦးခွန်မြတ်နှင့် ဦးဝင်းအောင်တို့က ပြိုင်ပွဲအတွက် လိုအပ်ချက်များကို ကူညီပံ့ပိုးပေးခဲ့ကြကာ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် မြန်မာ ဂေါက်သီးရိုက်အသင်းနှင့် Han Events Management တို့က တာဝန်ယူ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၅)ကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိကြသူများ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။ (မြန်မာဂေါက်ကလပ်)

တပ်မတော် (ကြည်း၊ ရေ၊ လေ) ရေကူးနှင့် ဝါတာပိုလိုပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၂

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ရေကူးနှင့်ဝါတာပိုလိုပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ် တပ်မတော် (ရေ) ရေကူးကန်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ရေတပ်သင်္ဘောကျင်းဌာနချုပ် ခေတ္တဌာနချုပ်မှူးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ၊ မိသားစုများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဖွင့်ပွဲအပြီးတွင် ဗိုလ်လုပွဲများကို ဆက်လက်ကျင်းပသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်းဆုရအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ရေတပ်သင်္ဘောကျင်းဌာနချုပ် ခေတ္တဌာနချုပ်မှူးက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Electric And Consumer Product Exhibition 2011 ကုန်စည်ပြပွဲ၌ Nano Energizer အရောင်းပြခန်း ပါဝင်ပြသမည်

ရန်ကုန် ဇန်နဝါရီ ၁၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကမ်းနားလမ်း မြို့တော်ခန်းမ၌ ဇန်နဝါရီ ၁၄ ရက်မှ ၁၈ ရက်အထိ Smart Co., Ltd. က ကြီးမှူးကျင်းပသည့် Electric And Consumer Product Exhibition 2011 ကုန်စည်ပြပွဲတွင် ကိုရီးယားနိုင်ငံမှ ထုတ်လုပ်သော Nano Energizer အမှတ်တံဆိပ် နောက်ဆုံးပေါ် အဆင့်မြင့် Nano နည်းပညာဖြင့် ထုတ်လုပ်ထားသော Engine Restoration and Protection ပစ္စည်းကို ခင်းကျင်းပြသ ရောင်းချမည် ဖြစ်သည်။ Nano Energizer သည် စွမ်းဆောင်ရည်ကျနေသော အင်ဂျင်များအတွက် အင်ဂျင်အသစ်တစ်လုံး လဲလှယ်လိုက်သကဲ့သို့ အင်ဂျင်ပါဝါ တိုးတက်ကောင်းမွန်ခြင်း၊ အင်ဂျင်အပူချိန် (Heat) သိသိသာသာ လျော့နည်းစေခြင်း၊ အင်ဂျင်အသံပိုငြိမ်ခြင်း၊ ဆီစားသက်သာစေခြင်း၊ မီးခိုးအထွက်နည်းခြင်း၊ အင်ဂျင်အတွင်းပိုင်း ပွန်းစားမှုကို ထူးခြားသက်သာစေခြင်းနှင့် အင်ဂျင်သက်တမ်းတိုး၍ အသုံးခံနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်သည်။ Nano Energizer ကုန်ပစ္စည်းသည် Engine Coating ဖြစ်သည့်အားလျော်စွာ Engine အတွင်းပိုင်းတွင် Metal to Metal Contact ကြောင့် နာနေသော မျက်နှာပြင်များကို ကုသပေးပြီး Coating တစ်ထပ်ပါပြုလုပ်ပေးသည်။ အဆိုပါ Coating ၏ အထူသည် (2 micro meter-5 micrometer) သာရှိသည့်အတွက် အင်ဂျင်၏ မည်သည့် အစိတ်အပိုင်းကိုမျှ အနှောင့်အယှက်မဖြစ်စေပါ။ Nano Ceramic Coating သည် အပူချိန် 2000 ဒီဂရီ စင်တီဂရိတ်ကျော်မှ အရည်ပျော်မည်ဖြစ်သောကြောင့် အချိန်ကြာမြင့်စွာ အင်ဂျင်အတွင်းပိုင်းတွင် တည်ရှိနေနိုင်ပြီး ကီလိုမီတာ 30000 ခန့် သုံးပြီးမှသာ Nano Ceramic Coating လျော့ပါးလာ၍ ကီလိုမီတာ 50000 ခန့်ရောက်လျှင် ကုန်ဆုံးလုနီးပါးသို့ ရောက်ရှိသွားမည်ဖြစ်သည့်အတွက် အချိန်ကြာမြင့်စွာ အသုံးခံသောကြောင့် စီးပွားရေးအရလည်း တွက်ချေကိုက်သည်။

Nano Energizer အရည်အသွေးမြင့် ထုတ်ကုန်ပစ္စည်းများကို KOREA နိုင်ငံမှ ထုတ်လုပ်ပြီး မြန်မာနိုင်ငံအတွက် တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် Royal Lubricants Trading Co., Ltd. ဖုန်း-၀၁-၇၃၀၃၉၁၉၁ နှင့် ၀၁-၆၈၁၆၀၆ က တင်သွင်းဖြန့်ဖြူး ရောင်းချလျက်ရှိကြောင်း၊ ပုသိမ်မြို့ Golden Baby Mart အမှတ်(၂၄) ဗလီလမ်း ပုသိမ်မြို့ ဖုန်း- ၀၉-၅၂၀၁၇၀၂ နှင့် ၀၉-၅၀၈၃၁၀၆ အရောင်းကိုယ်စားလှယ်ဆိုင်ကြီး၌ ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လမ်းမတော်အလက(၁) ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် ပဥ္စမတန်းမှ ပထမဆုရရှိသော မစန္ဒာချိုအား ဆရာမကြီး ဒေါ်သန်းသန်းအေး ဆုချီးမြှင့်စဉ်။ (ပညာရေး)

ရန်ကုန်စက်မှုတက္ကသိုလ် / နည်းပညာတက္ကသိုလ် မြတ်ဆရာပူဇော်

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက ကျင်းပသော ရန်ကုန်စက်မှုတက္ကသိုလ်/ နည်းပညာ တက္ကသိုလ်တို့မှ နှစ်ပေါင်းစုံ မြို့ပြအင်ဂျင်နီယာ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲတွင် ဆရာကြီးများဖြစ်ကြသော ဒေါက်တာအောင်ကြီး၊ ဦးတင်ဦး၊ ဦးသိန်းတန်နှင့် ဒေါက်တာထင်အောင်တို့က ဆရာ၊ ဆရာမများအားလုံးကိုယ်စား ဩဝါဒစကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူဟောင်းများက ကန်တော့လက်ဆောင်ပစ္စည်းများပေးအပ်ပြီး **(အပေါ်ပုံ)** ပူဇော်ကန်တော့ကြကြောင်းနှင့် ညနေပိုင်းတွင် Royal Garden Restaurant တွင် ညစာစားပွဲ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

မန္တလေး ပြည်တွင်းအခွန် ကွန်ပျူတာသင်တန်းဆင်း

မန္တလေး ဇန်နဝါရီ ၁၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၂၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက်က မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ထွန်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ပြီး သင်တန်းသားများကိုယ်စား သင်တန်းသားခေါင်းဆောင်အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ **(အပေါ်ပုံ)**

(ပြည်တွင်းအခွန်)

❑ ရွှေဖုံးမှ

တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စက်ရုံမှူးနှင့် ဝန်ထမ်းများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Huanqiu Contracting & Engineering Corporation မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီတို့က စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်လှမင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက စက်ရုံကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် စက်ရုံအတွင်း စက်များလည်ပတ်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ရှင်းလင်းဆောင်မဏ္ဍပ်၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဝန်ကြီး ဦးလွန်းသီက စက်ရုံမြေနေရာ လွှဲပြောင်းရရှိမှု၊ စက်ရုံဆိုင်ရာ အချက်အလက်များ၊ ကုန်ကြမ်းလိုအပ်ချက်နှင့် စက်စွမ်းအား၊ ထုတ်လုပ်မှုနည်းစဉ်နှင့် လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးမှာကြားရာ၌ မိမိတို့ တပ်မတော်အစိုးရ လက်ထက်တွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် တစိုက်မတ်မတ်ကြိုးပမ်း ဆောင်ရွက်လာခဲ့ရာ ယခုအခါ စားရေရိက္ခာ ဖူလုံသည့်အဆင့်မှ ပိုလျှံသည့် အဆင့်သို့ ရောက်ရှိလာခဲ့ပြီ ဖြစ်ကြောင်း၊ ဆက်လက်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာကဏ္ဍကို အရှိန်အဟုန်မပျက်တိုးတက်အောင် ဆက်လက်ဆောင်ရွက်ရင်း စက်မှုနိုင်ငံအဖြစ်သို့ ကူးပြောင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံတစ်ခုလုံး လာရောက်တပ်ဆင်ချိန်တွင် ၎င်းတို့ထံမှ စက်ရုံတပ်ဆင် အသုံးပြုခြင်း ဆိုင်ရာ နည်းပညာရပ်များကိုပါ တစ်ပါတည်း တတ်မြောက်အောင် ပူးတွဲလေ့ကျင့် ထုတ်လုပ်မှုများဆောင်ရွက်သွားကြရန်၊ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး အတွက် စက်ရုံကြံ့ခိုင်ရေးနှင့် စက်ကိရိယာပစ္စည်းများကြံ့ခိုင်ရေး ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊ စက်ပစ္စည်းကိရိယာများမှာ အသုံးပြုမှုကြာရှည်သည်နှင့်အမျှ သက်တမ်း ကုန်လွန်မှုများ ရှိနေသည်ဖြစ်၍ သတ်မှတ်ပေးထားသော အချိန်ကာလများအလိုက် ကြံ့ခိုင်ထိန်းသိမ်းမှုများ အလေးအနက်ထား စီမံဆောင်ရွက်ရန်၊ စက်ရုံဝန်ထမ်းများ လေ့ကျင့်သင်တန်းပေးခြင်း၊ နည်းပညာလွှဲပြောင်းရယူခြင်း စသည်တို့ကို သာမန်ထက်ပိုသော အလေးပေးမှုများဖြင့် ဆောင်ရွက်ရန်၊ လေလွင့်ဆုံးရှုံးမှုများမရှိအောင် ဂရုစိုက်ရန်၊ စက်ရုံလုံခြုံရေးအတွက် ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံတည်ဆောက်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ထူးချွန်ဝန်ထမ်းများအား ချီးကျူးဂုဏ်ပြုစကား ပြောကြားသည်။

အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ (ပုသိမ်)သည် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အိုးဘိုကျေးရွာအနီး၌ တည်ရှိပြီး စက်ရုံဧရိယာမှာ ဧက ၂၀၀ ရှိသည်။ စက်ရုံ၏ စက်စွမ်းအားမှာ တစ်နေ့လျှင် အမိုးနီးယား ၃၂၅ တန်နှင့် ယူရီးယား တန်ချိန် ၅၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ (ပုသိမ်)၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ(ပုသိမ်) ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းနှင့် ဝန်ကြီး ဦးလွန်းသီတို့ အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ (ပုသိမ်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ(ပုသိမ်) ကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

သာဝတ္ထိ အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ
မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၁၂

နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် သာဝတ္ထိ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သာဝတ္ထိ တွဲဖက်အထက ဆရာ၊ ဆရာမများနှင့် သာဝတ္ထိ အထက အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် သာဝတ္ထိအခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင် လှူဒါန်းလိုသူများသည် ဒေါက်တာသန်းဇော်ဝင်း ဖုန်း-၀၆၇-၆၅၁၆၄၊ ဦးဇော်မင်းနိုင် ဝိုင်ကဖီး ဖုန်း-၀၆၇-၆၅၀၁၅၊ ဦးသက်ခိုင် ဖုန်း-၀၆၇-၆၅၀၅၆၊ ဒေါ်တင်တင်ထွေး ဖုန်း-၀၆၇-၆၅၀၈၉၊ ဒေါ်ဝင်းဝင်းသွယ် ဖုန်း-၀၆၇-၆၅၀၀၂၊ ဒေါ်ခင်လှဝင်း ကယ်ဖိုဖစ်ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း မန္တလေးမြို့ ဖုန်း-၀၉-၅၁၁၄၅၅၄၊ ၀၉-၂၀၁၆၃၈၇၊ ၀၉-၆၈၀၁၀၉၄ နှင့် ၀၂-၉၁၀၀၂၅၀၆၊ ဦးသိန်းအောင် မန္တလေးမြို့ ဖုန်း-၀၉-၅၁၁၃၇၆၈၊ ဦးဝေလင်း ရန်ကုန်မြို့ ဖုန်း ၀၉-၅၀၁၆၄၅၂၊ ဦးဆန်းဝင်း ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၃၈၃၃၂နှင့် ဦးဇော်အောင် ဖုန်း-၀၆၇-၆၀၀၀၃ နှင့် ၀၉-၈၃၀ ၅၄၉၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

ပလင်းတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

အထက်ပိုင်းဒေသများ ညအပူချိန်…

နေပြည်တော် ဇန်…

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝ…

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနသ…
ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်…
နေရာကွက်ကျားမိုးရွာခဲ့ပြီး၊ကျန်ပြည်နယ်နှင့်…
အတင့်ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ…**
ဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူ…
၄ ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်နှင့်…
ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိ…
(မြောက်ပိုင်း)၊ မွန်ပြည်နယ်၊ကရင်ပြည်နယ်၊…
ရီတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏…
စင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ရှမ်းပြည်…
ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့…
တို့တွင် ဇန်နဝါရီလ ၏ ပျမ်းမျှအပူချိန်ခန့်သ…
များမှာ ဟားခါးမြို့တွင် (-၂)ဒီဂရီစင်တီ…
စင်တီဂရိတ်၊နမ့်စန်မြို့၊ ဟဲဟိုးမြို့နှင့် လွိုင်…
တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိ…**
လက်မ၊ လောင်းလုံမြို့တွင် ၁ဒသမ ၅၀ လ…
လက်မနှင့် ထားဝယ်မြို့တွင် သုည ဒသမ…
ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။…
တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်…
ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများ…
ဇန်နဝါရီ ၁၃ရက် ညနေထိခန့်မှန်းချက်။ …
တနင်္သာရီတိုင်း ဒေသကြီးတို့တွင် နေရာကွ…
ရှမ်းပြည်နယ်၊ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်…
တိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့…
ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် …
ရာနှုန်း ၆၀ ဖြစ်သည်။
မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အ…
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြ…
ညအပူချိန်များ အနည်းငယ် ဆက်လက်လေ…
နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့…
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိ…
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ ဝ…

...ပ် ဦးသိန်းစိန် အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ(ပုသိမ်) ကမ္ပည်းမော်ကွန်းကျောက်စာတိုင် ...်ပေးစဉ်။

(သတင်းစဉ်)

ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် မဂ္ဂဇင်းနှင့် ပြခန်းတို့အတွက် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထုနှင့် ဓာတ်ပုံများ ပေးပို့ရန်ဖိတ်ခေါ်

ရန်ကုန် ဇန်နဝါရီ ၁၂

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၁၁ခုနှစ် ဧပြီ ၇ ရက်တွင် ကျင်းပမည့် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်အဖြစ် " Combating Antimicrobial Resistance"ကို ရွေးချယ်ထားပြီး မြန်မာဘာသာဆောင်ပုဒ်အဖြစ် "ဆေးဝါးယဉ်ပါးမှုအန္တရာယ်ကာကွယ်ဖို့ အားလုံးပူးပေါင်း တိုက်ဖျက်စို့"ဟု ရွေးချယ်သတ်မှတ် ပြန်ဆိုထားသည်။

ပေးပို့နိုင်

ယင်းအထိမ်းအမှတ်ဆောင်ပုဒ်ကို အခြေခံ၍ ကမ္ဘာ့ကျန်းမာရေးနေ့ မဂ္ဂဇင်း၌ ထည့်သွင်းဖော်ပြနိုင်ရန် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထုများကို ရေးသားပေးပို့ကြပါရန်၊ ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်ပြခန်း၌ အသုံးပြုနိုင်ရန် ဓာတ်ပုံများကို CDဖြင့် ပေးပို့ကြပါရန်နှင့် စာမူများနှင့် ဓာတ်ပုံများကို မတ် ၁ ရက် နောက်ဆုံးထား၍ နေပြည်တော် ရုံးအမှတ်(၄) ကျန်းမာရေးဝန်ကြီးဌာန ဗဟိုကျန်းမာရေးပညာဌာန ဒုတိယညွှန်ကြားရေးမှူးထံ လိပ်မူ၍ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၁-၂၀၁၁ (ကြာသပတေးနေ့)

AM & PM

၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ "အရိပ်" တရားတော် (ဆရာတော်ဘဒ္ဒန္တနာရဒ)
၆:၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၃၄)**
၇:၃၀ MRTV-4 သတင်း
၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၀၁)**
၈:၄၀ မဖွံ့မအလင်းမျက်စိခွဲစိတ်ခန်းနှင့် ဇီဝိတဒါနဆေးပေးခန်းကြီး ဖွင့်ပွဲအခမ်းအနား
၈:၅၅ ရည်စူးကာကုသိုလ်ယူ သျှာမ်းကျောင်းတိုက်ရဲ့ ငွေရတုအလှူ
၉:၁၀ Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့)
၉:၂၅ အစွမ်းထက်တာအမှန်ပင် ဆေးမှာဘုရင် "မိခင်"
၉:၄၅ Science For All (သင်နေမယ့်တိုက်ခန်းဟာ ဘယ်လိုတိုက်ခန်းမျိုး ဖြစ်သင့်သလဲ) (အပိုင်း-၁) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
၁၀:၂၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အိုဗာအချစ်ရိုက်ကွင်း အမှတ်တရ"
၁၀:၄၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁:၁၅ The Champion of Dance
၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂:၁၀ ယဉ်ကျေးမှုထွန်းကားရာနှင့် ယဉ်ကျေးမှုအစဉ်အလာ
၁၂:၄၀ ဖန်တီးသူ၏ပညာစွမ်းမှသည် . . . လှပသောဘဝများဆီသို့
၁:၀၀ "အရိပ်" တရားတော် (ဆရာတော်ဘဒ္ဒန္တနာရဒ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ ပဥ္စမအကြိမ်စတုဘုမ္မိကနိကာယ ဆရာတော်ကြီးများအားစုပေါင်း ပူဇော်ပွဲ
၂:၄၀ Activities In The City (စာရေးဆရာထန်လှိုင် တစ်နှစ်ပြည့်အမှတ်တရ အခမ်းအနား)
၂:၅၀ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Hello Baby Kids Shop)
၃:၀၅ ရန်ကုန်မြင်ကွင်းကျယ် [အ. ထ. က(၆)ရွှေပေါက်ကံ အာစရိယပူဇော်ပွဲ]
၃:၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၃၄)**
၄:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၀၁)**
၄:၄၀ ရန်ကုန်မြင်ကွင်းကျယ် [မေရီချက်(ပ်)မင်းနားမကြားသော ကလေးများကျောင်း ပညာရည်ချွန်ဆုပေးပွဲနှင့် စွမ်းရည်ပြပွဲ]
၄:၅၅ အ. ထ. က နှစ် (၁၀၀)ကူမဲမြို့ရဲ့ အာစရိယပူဇာမင်္ဂလာ
၅:၀၅ ဓာတ်ပုံထဲမှအမှတ်တရများ (အေသင်ချိုဆွေ)
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့)
၆:၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၃၅)**
၇:၁၀ မမောမပန်းခရီးလမ်း. . . ဆံတော်ရှင်ထံအရောက်မှန်း
၇:၃၀ ဂီတသရုပ်ပြခန်း (တေးသံရှင်မျိုးမဟာကျော်ရဲ့ ၂၄ နာရီကောင်မလေး)
၈:၀၀ MRTV-4 သတင်း
၈:၃၀ ဖိတ်ခေါ်ပါသည်. . . ဖွံ့ဖြိုးဝေစည်ညောင်ကျိုးမြို့ဆီသို့
၈:၄၅ စကားနပန်း (အထင်ကြီးတာကောင်းတယ်၊ အထင်မကြီးတာကောင်းတယ်)
၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၀၂)**
၁၀:၁၀ အနုပညာမိုးကောင်းကင်
၁၀:၃၀ အဆီအနှစ်ပြည့်ဝသော သဘာဝအရသာ နန်းဝေရှို့မှုန့်မှာ
၁၀:၅၀ သင်ယူလေ့လာဂီတပညာ (Part-5)(Seventh Chords)
၁၁:၁၀ လူငယ်နှင့်ဆေးလိပ်အန္တရာယ် (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအောင်ထွန်း)
၁၁:၃၅ Celebrity Profile (Avirl Lavigne)
၁၂:၁၀ ပိတုန်းရောင်ကေသာဦးအတွက်
၁၂:၁၅ စက်မှုစီးပွားထုတ်ကုန်အား (Myanmar Marina)
၁၂:၄၅ တောင်ပေါ်လက်ဖက် နတ်သစ်ရွက်
၁၂:၅၅ Shooting Location (ဆရာမအိမ်)
၁:၁၀ ဖြတ်လျှောက်ရုံလေးပဲ လျှောက်ဖြစ်တော့မှာပါ (မေသန်းနု၊ ပန်းဖြူ၊ ကျော်ဇေယျ ဦးခိုင်တင်) [ဒါရိုက်တာ-မောင်မောင်ဦး (စန္ဒီးပိုက်)]
၁:၂၀ တိုးတက်စည်ဝေ ညောင်ဇင်ကျေးရွာဖွံ့ဖြိုးနေ
၁:၄၅ တိရစ္ဆာန်လေးတွေမွေးကြမယ် (ငါးကန်အလှဆင်ခြင်း)
၂:၀၅ ဖွံ့ဖြိုးတိုးတက်နေသော နေပြည်တော်
၂:၃၀ RO ဆိုတဲ့ KTM
၂:၅၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၃:၅၅ အများထဲကတစ်ယောက် (ရဲအောင်၊ စိုးမြတ်သူဇာ) (ဒါရိုက်တာ-မီးပွား)
၄:၁၅ သာသနာတော်ထွန်းကား အလှတရားဖြာဝေထားဝယ်မြေ
၄:၄၀ နူးညံ့လှပတေဇဂုဏ်ယိမ်းအက
၄:၄၅ ဒေင်၏ ရေကုထုံး
၄:၅၅ ဖူးမြော်ပူဇော် မြသလွန်စေတီတော်
၅:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အထက်ပိုင်းဒေသများ ညအပူချိန် အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၁၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး၊ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မွန်ပြည်နယ်၊ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** ဟားခါးမြို့တွင် (-၂)ဒီဂရီစင်တီဂရိတ်၊ပူတာအိုမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊နမ့်စန်မြို့၊ ဟဲဟိုးမြို့နှင့် လွိုင်လင်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ရေးမြို့တွင် ၁ ဒသမ ၆၉ လက်မ၊ လောင်းလုံမြို့တွင် ၁ဒသမ ၅၀ လက်မ၊ မြိတ်မြို့တွင် သုည ဒသမ ၈၇ လက်မနှင့် ထားဝယ်မြို့တွင် သုည ဒသမ ၆၃ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၁၃ရက် ညနေထိခန့်မှန်းချက်။ ။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်း ဒေသကြီးတို့တွင် နေရာကွက်ကျားမိုးရွာနိုင်ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေး တိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် ဆက်လက်လျော့နည်းနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ၂၀၁၀ တတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံ ၂၀၁၀ တတိယနေ့ အစီအစဉ်များကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမများ၌ ဆက်လက်ကျင်းပရာ စာတမ်းပေါင်း ၁၉ စောင် တင်သွင်းဖတ်ကြားကြသည်။

ထို့အပြင် ဆေးသိပ္ပံဖွံ့ဖြိုးမှုဆိုင်ရာ နှီးနှောဖလှယ်ပွဲများအဖြစ် ကျန်းမာရေး ဆူနာမီ-ကူးစက်မဟုတ်သော ရောဂါများ ဆွေးနွေးပွဲ၊ ဆေးဝါးများ ဖော်စပ်မှု၊ အာနိသင်ရှိမှုနှင့် အန္တရာယ်ကင်းရှင်းမှုများနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲနှင့် ပတ်ဝန်းကျင်ပြောင်းလဲမှု၏ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် အကျိုးသက်ရောက်မှု ဆွေးနွေးပွဲတို့ကို ပြည်တွင်း ပြည်ပမှ ဆေးပညာရှင်များက ဟောပြောဆွေးနွေး၍ သုတေသီပညာရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဆုများချီးမြှင့်မည်

အဆိုပါမြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ဇန်နဝါရီ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ညီလာခံနောက်ဆုံးနေ့ ညနေပိုင်းတွင် ယခုနှစ်အတွက် အကောင်းဆုံး အခြေခံ သုတေသနစာတမ်းဆု၊ အကောင်းဆုံးအသုံးချ သုတေသနစာတမ်းဆု၊ အကောင်းဆုံးကျန်းမာရေးစနစ် သုတေသနစာတမ်းဆုနှင့် အကောင်းဆုံးသုတေသန ပိုစတာဆုတို့ကို ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးမြို့ ရှင်စောပုရပ်ကွက် မြို့တွင်းကြီး အခြေခံပညာမူလွန်ကျောင်း ကျောင်းစာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၂ ရက်ကကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေဇင်ထွန်း၊ တိုင်းဒေသကြီး ပညာရေးမှူး (စစ်ဆေးရေး) ဦးဝင်းမြင့်နှင့် အလှူရှင် ဦးဝင်းရှိန် (စစ်ကောင်းလက်ဖက်ခြောက်)တို့ စာကြည့်တိုက်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(ခရိုင်ပြန်/ဆက်)

ကွန်ပျူတာအခြေခံသင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၂၂)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီတွင် ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်း အခွန်များဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား) ဝန်ထမ်းရေးရာနှင့် သင်တန်းဌာနခွဲ ညွှန်ကြားရေးမှူး ဦးညွှန့်တင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ **(ယာပုံ)**

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက် ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသား ၄၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ပရိသတ်များ၏ဆန္ဒကို ဖြည့်ဆည်းပေးရန် ကြိုးပမ်းမည့် ဇေယျာရွှေမြေ F.C

သတင်းမှတ်စုနှင့် ဓာတ်ပုံ
ရှိုင်းထက်ဇော်

စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ဇေယျာရွှေမြေအသင်းသည် ၂၀၀၉ MNL ပြိုင်ပွဲများတွင် ထင်သလောက် ရလဒ်မကောင်းခဲ့သော်လည်း ၂၀၁၀ MNL ပြိုင်ပွဲများတွင်မူ ချန်ပီယံဆုကို ပိုင်ဆိုင်နိုင်သည့် ခြေစွမ်းမျိုးအထိ ကစားပုံသိသိသာသာ တိုးတက်ကောင်းမွန်လာခဲ့သည်။ ဇေယျာရွှေမြေအသင်းသည် ၂၀၁၁ MNL ပြိုင်ပွဲတွင် အမှတ်ပေးချန်ပီယံ ဆုဖလားအပါအဝင် အောင်မြင်မှုများ ရယူနိုင်ရန် ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

ဇေယျာရွှေမြေ F.C ဥက္ကဋ္ဌ ဦးသူရိန်။

၂၀၁၁ MNL ပြိုင်ပွဲကို ဇေယျာရွှေမြေအသင်းသည် ဒုတိယဆုရကစားသမားအများစုဖြင့်ပင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အသင်း၏အမာခံကစားသမား ရာဇာဝင်းသိန်းကို လက်လွှတ်ခဲ့ရသော်လည်း ရန်ကုန်ယူနိုက်တက်အသင်းမှ ကွင်းလယ်လူ ဇော်ထက်အောင်ကို အလဲအထပ်ဖြင့် ပြန်ရခဲ့ခြင်း၊ ဘယ်နောက်ခံလူ ရွှေလှိုင်ဝင်းကို တစ်နှစ်အငှားဖြင့် ပြန်ရခဲ့ခြင်းက ဇေယျာရွှေမြေအတွက် အကျိုးရှိစေခဲ့သည်။ နိုင်ငံခြားသားကစားသမား ပါဝင်မှု လေးဦး ကန့်သတ်ထားသောကြောင့် ဗစ်တာ၊ ဂျီလစ်၊ ဒရာလန်နှင့် ဒရာရိုတို့ လေးဦး ဆက်ရှိနေမည်ဖြစ်ပြီး တောင်ပံကစားသမား ကီဗယ် တစ်ဦးတည်းကိုသာ ပြန်လွှတ်ခဲ့သည်။ အသင်းမှ တိုက်စစ်မှူး များဖြစ်သည့် စည်သူသန်းမှာ နေပြည်တော် F.C သို့ တစ်ရာသီ အငှားဖြင့် ပြောင်းရွှေ့သွားခဲ့သည်။

အသင်းပြင်ဆင်ထားမှုနှင့်ပတ်သက်၍ ဇေယျာရွှေမြေ F.C ဥက္ကဋ္ဌ ဦးသူရိန်က အသင်း၏ပြင်ဆင်မှုအပိုင်းနှင့် ပတ်သက်၍ အားရမိကြောင်း၊ ရာဇာဝင်းသိန်းနှင့် စည်သူသန်းတို့ နှစ်ဦးကိုသာ လက်လွှတ်ခဲ့ရပြီး ရန်ကုန်ယူနိုက်တက်မှ ဇော်ထက်အောင်နှင့် ရွှေလှိုင်ဝင်း၊ ရတနာပုံ F.C ကစားသမားဟောင်း နေဇော်ဝင်း၊ အရန်အသင်းမှ စိုးမြတ်သူတို့ကို ခေါ်ယူထားကြောင်း၊ မိမိတို့အသင်းမှာ ယမန်နှစ် ဒုတိယဆုရအသင်းကို အမာခံထားခြင်းဖြစ်ပြီး မလိုအပ်၍သာ ကစားသမားအသစ်များ မခေါ်ယူခြင်း ဖြစ်ကြောင်း၊ ကစားသမား အပြောင်းအလဲ များစွာ မပြုလုပ်ထားသော်လည်း အောင်မြင်မှုရရှိအောင် သေချာပြင်ဆင်ထားကြောင်း၊ လာမည့်ပြိုင်ပွဲမတိုင်မီ အသင်း တိုင်းနီးပါး ပြင်ဆင်မှုများစွာ ပြုလုပ် ထားကြ၍ ပြိုင်ဆိုင်မှုပိုပြင်းထန်လာနိုင်ကြောင်း။

၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲတွင် ဗိုလ်စွဲနိုင်သည့် အနေအထားမျိုးရှိခဲ့

တိုက်စစ်မှူး ကျော်ကိုကို။

အသင်းခေါင်းဆောင် ဇော်လင်းထွန်း။

သော်လည်း အားနည်းချက်အချို့ရှိခဲ့၍ နောက်ဆုံးပွဲတွင် ရှုံးနိမ့်ပြီး ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရကြောင်း၊ ချန်ပီယံဆုနှင့်လွဲချော်ပြီး ပရိသတ်များလိုချင်သည့်ဆန္ဒကို မဖြည့်ဆည်းပေးနိုင်ခဲ့၍ လာမည့်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိအောင် ပြင်ဆင်နေကြောင်း၊ လာမည့်ပြိုင်ပွဲတွင် အဆင့်(၁)မှ (၄)အတွင်းဝင်အောင် မျှော်မှန်းထားကြောင်း ဗိုလ်စွဲနိုင်ရန်အတွက်လည်း တစ်ပွဲချင်း ဂရုစိုက်ကစားသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

အချိန်အခါမဲ့ မိုးရွာသွန်းမှုကြောင့် သီးနှံများထိခိုက်ပျက်စီးမှုမရှိစေရေး တောင်သူလယ်သမားများသို့ နှိုးဆော်ချက်ထုတ်ပြန်

မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများသည် ရခိုင်ကမ်းရိုးတန်းဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသများမှ တစ်ဆင့် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အောက်ပိုင်းဒေသများသို့ ယနေ့မွန်းလွဲမှ နောက် ၄၈ နာရီအတွင်း ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးဆက်လက်ရွာသွန်းနိုင်ပြီး ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ကြောင်း ထုတ်ပြန်ထားပါသည်။

သို့ဖြစ်ပါ၍ တောင်သူများ အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

(၁) ရိတ်သိမ်းဆဲဖြစ်သော မိုးစပါးများတွင် ကောက်လှိုင်းများအား ကောက်ပြန့်မပြုလုပ်ဘဲ မိုးရေလျော ပြုလုပ်ရန်။ ကောက်ပြန့်တွင် မိုးမိပါက မိုးပြတ်လျှင်ပြတ်ခြင်း နေလှန်းခြင်းကို ဆောင်ရွက်ပါ။
(၂) ရိတ်သိမ်းပြီး စပါးများကို တလင်းပြောက်စနစ် ကျင့်သုံး၍ အမြန်ဆုံး ခြွေလှေ့ပါ။
(၃) စပါးအပြီး ဒုတိယသီးနှံ(နွေစပါးနှင့်ဆောင်းသီးနှံ)ကို ရေအစိုဓာတ်ရှိချိန် အချိန်မီစိုက်ပျိုးပါ။
(၄) စိုက်ပျိုးဖြစ်ထွန်းနေသော သီးနှံများတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ပိုးမွှားကျရောက်၍ ပျက်စီးမှုမရှိအောင် ဂရုပြု၍ကြည့်ရှုပြီး ကာကွယ်ထိန်းသိမ်းမှုများ ဆောင်ရွက်ပါ။
(၅) တောင်သူလယ်သမားများအနေဖြင့် လိုအပ်သော အကူအညီများရှိပါက နီးစပ်ရာ စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

နိုင် ငံ တ ကာ အား က စား သ တင်း

နိုင် ငံ တ ကာ အား က စား သ တင်း

နိုင် ငံ တ ကာ အား က စား သ တင်း

ရီးယဲလ်တွင် ကာကာ ဆက်ရှိနေမည်ဟု မော်ရင်ဟိုပြောကြား

မက်ဒရစ် ဇန်နဝါရီ ၁၂

ဒူးဒဏ်ရာကြောင့် ငါးလကြာအနားယူခဲ့ပြီးနောက် ရီးယဲလ်မက်ဒရစ်သို့ ပြန်လည်ရောက်ရှိလာသူ ကာကာအား ဘာနေဗျူးမှ စွန့်ခွာခွင့်ပေးမည်မဟုတ်ဟု နည်းပြ မော်ရင်ဟိုက ပြောကြားလိုက်သည်။

အသက်(၂၈)နှစ်အရွယ် ဘရာဇီးလူမျိုး ကွင်းလယ်ဖန်တီးရှင် ကာကာသည် ပြီးခဲ့သည့် ဩဂုတ်လတွင် ခွဲစိတ်ကုသမှုခံယူပြီး ရီးယဲလ်သို့ပြန်လည်ရောက်ရှိလာသည်။ သူသည်ရောက်ရောက်ချင်း တနင်္ဂနွေနေ့တွင် ဗီလာရီးယဲလ်နှင့် တွေ့ဆုံသည့်ပွဲတွင် ပွဲထွက်ကစားခွင့်ရခဲ့ပြီး တစ်ဂိုးသွင်း၊ တစ်ဂိုးဖန်တီးပေးကာ ရီးယဲလ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရအောင် ဖန်တီးပေးခဲ့သူဖြစ်သည်။

“ကျွန်တော်တို့အသင်းအတွက် ကာကာပြန်ကစားဖို့ အချိန်တော်တော်ကြာခဲ့ပါတယ်။ ရီးယဲလ်အသင်းရဲ့ ကစားသမားကောင်းဖြစ်တယ်ဆိုတာ ပြဖို့ အရေးကြီးတယ်လို့ ကာကာက ကျွန်တော့်ကို ရိုးသားစွာ ဖွင့်ဟဝန်ခံ ခဲ့ပါတယ်” ဟု မော်ရင်ဟိုက ထပ်လောင်းပြောကြားခဲ့သည်။ **အင်တာနက်။**

ရွှေဘောလုံးဆု မက်ဆီ နှစ်နှစ်ဆက်တိုက် မရသင့်ဟု မော်ရင်ဟို ဝေဖန်

ဇူးရစ် ဇန်နဝါရီ ၁၂

ရီးယဲလ်နည်းပြ ဟိုဆေးမော်ရင်ဟိုက လီယွန်နယ်မက်ဆီသည် ထိပ်တန်းကစားသမားတစ်ဦးဆိုသော်လည်း ဖီဖာ၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုနှင့် ပိုပြီးထိုက်တန်သော အခြားကစားသမားများရှိပါသေးကြောင်း ပြောကြားလိုက်သည်။

ဖီဖာ၏ တစ်နှစ်တာအကောင်းဆုံး ဆုများပေးအပ်သည့် အခမ်းအနား၌ ၂၀၁၀ ခုနှစ်၏ အကောင်းဆုံး အမျိုးသားဘောလုံးအသင်း နည်းပြဆုရှင် မော်ရင်ဟိုက မက်ဆီသည် ရွှေဘောလုံးဆုကို နှစ်နှစ်ဆက်တိုက် မရသင့်ဟု ဝေဖန်စကားဆိုခဲ့သည်။

မော်ရင်ဟိုက ပြီးခဲ့သည့်နှစ်တွင် ဖလားသုံးလုံးရရှိခဲ့သော သူ၏ အသင်းဟောင်း အင်တာမီလန်သည် တစ်စုံ

ရီးယဲလ်နည်းပြ မော်ရင်ဟို။

တစ်ရာအသိအမှတ်ပြုခံရဖို့ ထိုက်တန်သည်ဟု သူ့အနေဖြင့် ခံစားမိပါကြောင်း ပြောကြားခဲ့သည်။

“မက်ဆီဟာ အံ့ဖွယ်ကစားသမားတစ်ယောက်ပါ။ ဒါပေမယ့် ကျွန်တော့်အနေဖြင့် ကမ္ဘာ့ဖလားချန်ပီယံ စပိန်အသင်းရဲ့ အဓိကကစားသမားဇာဗီ၊ ဒါမှမဟုတ် ဖလားသုံးလုံးရအောင် စွမ်းဆောင်ပေးခဲ့တဲ့ အင်တာမီလန်အသင်းရဲ့ ကစားသမား ဝက်စလေရှနိုက်ဒါနဲ့ ဒီယေဂိုမီလီတိုတို့ကို ပိုသဘောကျပါတယ်”ဟု မော်ရင်ဟိုက ဆိုခဲ့သည်။

ထို့ပြင် မော်ရင်ဟိုက ၎င်းတစ်နှစ်တာ အကောင်းဆုံး နည်းပြဆုရရှိခဲ့သည့်အပေါ်တွင် “ဒီလိုအဆင့်တစ်ဆင့်ကို ရောက်ရှိဖို့ ကျွန်တော် အများကြီးကြိုးစားခဲ့ရပါတယ်။ ဒါပေမယ့် ကျွန်တော့်တစ်ယောက်အားနဲ့တော့ မစွမ်းဆောင်နိုင်ပါဘူး။ ကစားသမားတွေ၊ လုပ်ဖော်ကိုင်ဖက်တွေနဲ့ အထူးသဖြင့် ဒီလိုဝမ်းမြောက်ဖွယ်ရာ အခါသမယလေးကို ကြုံတွေ့စေခဲ့တဲ့ ကျွန်တော့်ကို အမြဲတမ်းထောက်ခံအားပေးနေကြသူများအားလုံးကို ကျေးဇူးတင်ရှိပါတယ်”ဟု ပြောကြားသွားခဲ့သည်။ **အင်တာနက်။**

ဒေးဗစ်ဘက်ခမ်း၊ ဗစ်တိုးရီးယားနှင့် သားသုံးယောက်။

ကွင်းလယ်ဖန်တီးရှင်ဘက်ခမ်း ကလေးလေးယောက်ဖခင် ဖြစ်တော့မည်

လန်ဒန် ဇန်နဝါရီ ၁၂

အမေရိကန်မေဂျာလိဂ်ကလပ် အယ်လ်အေဂလက်ဆီမှ အင်္ဂလိပ်ပရီမီယာလိဂ်ကလပ်စပါးအသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားတော့မည့် မန်ယူကစားသမားဟောင်း အင်္ဂလန်ငွေကြယ်ပွင့် ဒေးဗစ်ဘက်ခမ်းသည် မကြာမီ ကလေးလေးယောက်ဖခင်ဖြစ်တော့မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဒေးဗစ်ဘက်ခမ်း၏ ဇနီးသည် ဗစ်တိုးရီးယားမှာ ယခုအချိန်တွင် သူမ၏စတုတ္ထမြောက်ကိုယ်ဝန်ကို လွယ်ထားရပြီဖြစ်သည်။ ယင်းမင်္ဂလာသတင်းကို ဇန်နဝါရီ ၉ ရက်က တရားဝင်ထုတ်ပြန်ကြေညာခဲ့သော်လည်း ကိုယ်ဝန်၏သက်တမ်းကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ဒေးဗစ်ဘက်ခမ်းက “ကျွန်တော့်မှာ ဝမ်းသာစရာကောင်းတဲ့ သတင်းတစ်ပုဒ်ရှိပါတယ်။ အဲဒီသတင်းကတော့ ကျွန်တော်နဲ့ ဗစ်တိုးရီးယားတို့ မျှော်လင့်ထားတဲ့အတိုင်း ဒီနှစ်နွေရာသီမှာ ကျွန်တော်တို့ရဲ့ စတုတ္ထမြောက်ရင်သွေးရဖို့ရှိနေပါတယ်။ ညီမလေးတစ်ယောက်လိုချင်နေတဲ့ ကျွန်တော်တို့ရဲ့ သားသုံးယောက်ကလည်း လူ့လောကကြီးကို ရောက်လာမယ့် စတုတ္ထမြောက်ရင်သွေးကို မိန်းကလေးဖြစ်ပါစေဖို့ ဆုတောင်းရင်းပျော်ရွှင်စွာနဲ့ မျှော်လင့်နေကြပါတယ်”ဟု ပြောကြားခဲ့သည်။

ဒေးဗစ်ဘက်ခမ်းနှင့် ဗစ်တိုးရီးယားတို့တွင် လက်ရှိသားသုံးယောက်ရှိရာ အကြီးဆုံးသား ဘရွတ်ကလင်းမှာ ၁၁ နှစ်၊ သားလတ် ရိုမီရိုမှာ ရှစ်နှစ်နှင့် သားငယ် ခရုဇ်မှာ ငါးနှစ် အသီးသီးရှိကြပြီဖြစ်သည်။ ***အင်တာနက်။***

စိုးတင့်နိုင်	ဝင်းတင်(ကြေးမုံ)

ဩစတြေးလျ အိုးပင်းတွင် သုံးနှစ်ဆက် ဗိုလ်စွဲရန် ဆရီနာဝီလျံ ရည်ရွယ်

မဲလ်ဘုန်း ဇန်နဝါရီ ၁၂

မကြာမီကျင်းပတော့မည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့ကျော် တင်းနစ်မယ်အများစု ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ထိုအထဲတွင် ကမ္ဘာ့အဆင့် (၄) တင်းနစ်မယ် ဆရီနာဝီလျံလည်း အပါအဝင်ဖြစ်သည်။

ဆရီနာဝီလျံ

၁၉၈၁ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် အမေရိကန်ပြည်ထောင်စု ဆာဂီနော၌ မွေးဖွားခဲ့သည့် ဆရီနာဝီလျံသည် ယခုအချိန်တွင် အသက်(၃၀)ထဲ ဝင်ရောက်နေပြီဖြစ်သော်လည်း သူမ၏

အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံ။

လက်ရည်မှာ ကျဆင်းလာခြင်း မရှိသေးပေ။ အစ်မဖြစ်သူ ဗီးနပ်စ်ဝီလျံ၏ အဓိကပြိုင်ဘက်ဖြစ်ခဲ့သူ ဆရီနာဝီလျံသည် ဩစတြေးလျအိုးပင်းကို (၁၁) ကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၂၀၀၃၊ ၂၀၀၅ နှင့် ၂၀၀၇ ခုနှစ်တို့တွင် ဗိုလ်စွဲခဲ့သကဲ့သို့ ၂၀၀၉၊ ၂၀၁၀ တို့တွင်လည်း နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲခဲ့သည်။

ထို့ပြင် သူမ၏ ဂရင်းဆလင်းပြိုင်ပွဲမှတ်တမ်းကိုကြည့်လျှင် ပြင်သစ်အိုးပင်းတွင် တစ်ကြိမ်၊ ဝင်ဘယ်ဒန်အိုးပင်းတွင် လေးကြိမ်နှင့် ယူအက်စ်အိုးပင်းတွင် သုံးကြိမ် စုစုပေါင်း ဂရင်းဆလင်းပြိုင်ပွဲများတွင် ချန်ပီယံဆု (၁၃)ကြိမ်တိတိ ရရှိထားခဲ့ဖူးသည်။ ယခုနှစ်တွင်လည်း ဆရီနာဝီလျံအနေဖြင့် ဩစတြေးလျအိုးပင်းတွင် အောင်မြင်မှုရပြီး သုံးနှစ်ဆက်တိုက် ဗိုလ်စွဲဦးမလားဆိုသည်ကိုဖြင့် စောင့်ကြည့်ရဦးမည်ဖြစ်သည်။

ဂျပ်စတင်ဟေနင်

အသက်(၂၉)နှစ်ရှိပြီဖြစ်သည့် ဂျပ်စတင်ဟေနင်မှာ ဘယ်လ်ဂျီယံနိုင်ငံသူဖြစ်သည်။ ဟေနင်သည် ဩစတြေးလျအိုးပင်းပြိုင်ပွဲကို ရှစ်ကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၂၀၀၄ ခုနှစ်က ဗိုလ်စွဲခဲ့ဖူးသည်။ ထို့ပြင် သူမသည် ပြင်သစ်အိုးပင်းတွင် လေးကြိမ်၊ ယူအက်စ်အိုးပင်းတွင် နှစ်ကြိမ် ဗိုလ်စွဲထားပြီး ဝင်ဘယ်ဒန်အိုးပင်းတွင် အောင်မြင်မှုမရရှိပေ။

အီဗန်နိုဗစ်

အီဗန်နိုဗစ်ကို ၁၉၈၇ ခုနှစ် နိုဝင်ဘာ ၆ ရက်က ဆားဘီးယားနိုင်ငံ မြို့တော် ဘဲဂရိတ်တွင် မွေးဖွားခဲ့သည်။ သူမ၏ အောင်မြင်မှုမှာ ၂၀၀၈ ပြင်သစ်အိုးပင်းတွင် ချန်ပီယံတစ်ကြိမ် ဖြစ်ခဲ့ဖူးခြင်းသာဖြစ်သည်။ ဩစတြေးလျအိုးပင်းပြိုင်ပွဲကို ခြောက်ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးရာ

ဆားဘီးယားတင်းနစ်မယ် အီဗန်နိုဗစ်။

၂၀၀၈ ခုနှစ်က ဒုတိယရခဲ့ခြင်းမှာ အမြင့်ဆုံးအောင်မြင်မှုဖြစ်သည်။ သို့သော် သူမသည် ဂရင်းဆလင်းပြိုင်ပွဲများတွင် အောင်မြင်မှု ကြီးကြီးမားမားမရရှိခဲ့သော်လည်း WTA ပြိုင်ပွဲများတွင် မကြာခဏ ချန်ပီယံဆုတံဆိပ်ကို ကိုင်မြှောက်နိုင်ခဲ့ဖူးသည့် တင်းနစ်မယ်ဖြစ်သည်။

အင်တာနက်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

အာတိတ်ပင်လယ်ရှိ ရေခဲပြင်က ရာသီဥတုအပေါ် အကျိုးသက်ရောက်မှုရှိကြောင်း လေ့လာတွေ့ရှိ

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသတင်း

ဘာသာပြန် - ကြယ်စင်သာ

အင်ကားရိတ်ချ် ဇန်နဝါရီ ၁၂

အလက်စကာပြည်နယ်အတွင်း ရေပူမိုးများရွာသွန်းခြင်းနှင့် ဂျော်ဂျီယာပြည်နယ်နှင့် ဖလော်ရီဒါပြည်နယ်များ၌ အအေး ဓာတ်ပို၍ လွှမ်းကဲလာခြင်းသည် အာတိတ်ပင်လယ်ရှိ ရေခဲပြင်ပမာဏ ကျုံ့သွားခြင်းနှင့် ဆက်နွှယ်ပတ်သက်မှုရှိကြောင်း ကျွမ်းကျင်သူများက သောကြာနေ့က ပြောကြားသည်။

အာတိတ် အလှည့်အပြောင်း "Arctic Oscillation" ဟုခေါ်သည့် အဆိုပါသဘာဝတရား ဖြစ်စဉ်တွင် အပူဓာတ်များ ပင်လယ်မျက်နှာပြင်မှ ကမ္ဘာ့လေထုထဲသို့ အပြန်အလှန် ရောက်ရှိသွားခြင်းဖြင့် ရာသီဥတုအခြေအနေကို ပြောင်းလဲစေကာ အာတိတ်ဒေသတွင် ပို၍ပူနွေးလာပြီး လတ္တီတွဒ် အလယ်ပိုင်းဒေသများတွင် အအေးဓာတ်လွှမ်းကဲလာကြောင်း ကော်လိုရာဒို နှင်းနှင့် ရေခဲအချက်အလက်စုဆောင်းရေး အမျိုးသားဌာနမှ ဒါရိုက်တာ မတ်ခ်ဆာရက်က ဆိုသည်။

ကော်လိုရာဒို နှင်းနှင့် ရေခဲအချက်အလက် စုဆောင်းရေး အမျိုးသားဌာနက ၁၉၇၉ ခုနှစ်က စပြီး ဂြိုဟ်တုမှတစ်ဆင့် ရိုက်ကူးခဲ့သော ၎င်းတို့၏ မှတ်တမ်းများအရ ယခုနှစ်ဒီဇင်ဘာလက ဖြစ်ပေါ်ခဲ့သည့် အာတိတ်ပင်လယ်ရေခဲပြင်သည် ယခင် ဒီဇင်ဘာလများက ဖြစ်ပေါ်ခဲ့သည့် ရေခဲပြင်များထက် များစွာ သေးငယ်သွားကြောင်း၊ ဤသို့ဖြစ်ရခြင်းမှာ နွေရာသီ အကုန်ပိုင်း၌ ရေခဲပြင်များ ယခင်ကထက်ပို၍ အရည်ပျော်သွားခြင်းကြောင့်ဖြစ်ကြောင်း၊ ရေခဲပြင်ပို၍ အရည်ပျော်သွားသည်နှင့် အမျှ အာတိတ်ဒေသ၌ ရေပူမိုးများရွာသွန်းပြီး ဒေသတွင်းရှိ ရာသီဥတုမှာ ပို၍ပူနွေးလာကြောင်း မှတ်ချက်ပြုခဲ့သည်ဟု ရိုက်တာသတင်းများတွင် ဖော်ပြထားသည်။

ရိုက်တာ။

အာတိတ်အလှည့်အပြောင်း ဖြစ်စဉ်၏ အကျိုးသက်ရောက်မှုကြောင့် အာတိတ်ဒေသတွင် ပိုမိုပူနွေးလာပြီး ရေခဲပြင်များ အရည်ပျော်ကာ ကျုံ့ဝင်လာသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဟားခါး (-၂) ဒီဂရီစင်တီဂရိတ်
ပူတာအို ၃ ဒီဂရီစင်တီဂရိတ်
နမ့်စန် ဟဲဟိုးနှင့် လွိုင်လင် ၄ ဒီဂရီစင်တီဂရိတ်စီ

ထူးခြားသည့် ညအပူချိန်များ

(၁၂ - ၁ - ၂၀၁၁)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

ရေး ၁ ဒသမ ၆၉ လက်မ
လောင်းလုံ ၁ ဒသမ ၅၀ လက်မ
မြိတ် သုည ဒသမ ၈၇ လက်မ
ထားဝယ် သုည ဒသမ ၆၃ လက်မ

နိုင်ငံတကာအားကစားသတင်းအညွှန်း

ဩစတြေးလျ အိုးပင်း တင်းနစ်ပြိုင်ပွဲတွင် သုံးနှစ်ဆက် ဗိုလ်စွဲရန် ရည်မှန်းထားသည့် ဆရီနာဝီလျံ

စာမျက်နှာ (၁၀)

ကလေးလေး ယောက်ဖခင် ဖြစ်လာတော့မည့် ကွင်းလယ်ဖန်တီးရှင် ဘက်ခမ်း

စာမျက်နှာ (၁၀)